ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

(၃၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

## ( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက် )

## [ကြာသပတေးနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၈၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၃.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ၃-၈-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့် ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ရခိုင်ပြည်နယ် မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး တက်ရောက်ရန်။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ တိုင်ကြားစာကိစ္စနှင့် စပ်လျဉ်း၍ ကြားနာမှုဆောင်ရွက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ငင်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ရွှေဘိုမြို့နယ်သို့ ကွင်းဆင်းလေ့လာရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ငင်းအတိုင်း။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ငင်းအတိုင်း။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ငင်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ငင်းအတိုင်း။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဖခင်ဖြစ်သူ၏ကျန်းမာရေး။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနားတက်ရောက်ရန်။ ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ငင်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ငင်းအတိုင်းနှင့် ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ငင်းအတိုင်း တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၇) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် တိုင်းရင်းဆေးဌာနတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချပေးရန်နှင့် အဆောက်အအုံအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် တိုင်းရင်းဆေးဌာနတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချပေးရန်နှင့် အဆောက်အအုံအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ ပလက်ဝမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် မြန်မာနိုင်ငံရဲ့ မြောက်ဘက် အစွန်ဆုံးတွင် တည်ရှိပြီး မြို့နယ်အတွင်း လူဦးရေ အထူထပ်ဆုံး မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ပလက်ဝမြို့နယ်အတွင်းနေထိုင်သော လူဦးရေစုစုပေါင်း၏ (၇၂)ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်ပြီး ရွှေ့ပြောင်းတောင်ယာ၊ လယ်မြေ၊ ကိုင်းမြေနှင့် တစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံမြေများ လုပ်ကိုင်အသက်မွေးကြသူများ ဖြစ်ပါတယ်။ ကျေးလက်နေ ပြည်သူများသည် အလုပ်ကြမ်းများ လုပ်ကိုင်ခြင်း၊ ပညာအခြေခံ နည်းပါးခြင်း၊ ကျန်းမာရေးဗဟုသုတအသိ နည်းပါးခြင်းတို့ကြောင့် လူကြီးလူငယ်မရွေး ရောဂါဝေဒနာများ မကြာခဏဆိုသလို ဖြစ်ပွားမှုများရှိကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ အဓိကခံစားရသော ဝေဒနာများမှာ ငှက်ဖျား၊ ထုံကျင်ကိုက်ခဲ၊ မျက်စိဝေဒနာ၊ ခေါင်းကိုက်၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမြစ်နာကျင်မှုဝေဒနာများအဖြစ် အများဆုံးဖြစ်ကြောင်း လေ့လာချက်အရ သိရှိရပါတယ်။

အထက်ဖော်ပြထားသော ဝေဒနာများကို အဓိက ကုသရာတွင် တိုင်းရင်းဆေးသည် ထိရောက်မှုရှိကြောင်း တိုင်းရင်းဆေးကျွမ်းကျင်သူများမှ သိရှိရပါတယ်။ ယခုလက်ရှိ ပလက်ဝမြို့ပေါ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံ(၁)ခု ရှိပါတယ်။ ဝေဒနာပေါင်းစုံကုသရာတွင် ဆရာဝန်အင်အား မလုံလောက်မှုကြောင့် ဝန်ဆောင်မှု အခက်အခဲပေါင်းများစွာ ကြုံတွေ့ခဲ့ရပါတယ်။ ပလက်ဝမြို့ပေါ်တွင် တိုင်းရင်းဆေးဌာနတစ်ခုကို တိုးချဲ့၍ ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုများကို အတတ်နိုင်ဆုံး ဖြည့်စွက်နိုင်မည်ဟု ယုံကြည်ပါတယ်။ အဆိုပါ တိုင်းရင်းဆေးဌာနအတွက် မြေနေရာလည်း သက်ဆိုင်ရာဌာနမှ တိုင်းတာလျာထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် တိုင်းရင်းဆေးဌာန(၁)ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချပေးပါရန်နှင့် အဆောက်အအုံ

သစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာဌာနသို့ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ် အားကစားကွင်းကို မြို့အဆင့်မီ အားကစားကွင်းအဖြစ် တည်ဆောက်ပေးရန်နှင့် စည်ပင်သာယာဈေး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ် အားကစားကွင်းကို မြို့အဆင့်မီ အားကစားကွင်းအဖြစ် တည်ဆောက်ပေးရန်နှင့် စည်ပင်သာယာဈေး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်တွင် ရပ်ကွက်အဆင့် အားကစားကွင်းသာရှိပြီး မြို့အဆင့်အားကစားကွင်း မရှိတဲ့အတွက် မြို့အဆင့်အားကစားကွင်း ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ လက်ရှိဘောလုံးကွင်းဟာ ကားလမ်းဘေးတွင် တည်ရှိပြီး တိုးချဲ့ရန်နေရာ မရှိတော့သည့်အတွက် မြို့အဆင့်အားကစားကွင်းအတွက် မြေနေရာ လျာထားပြီး ဖြစ်ပါတယ်။ လျာထားမြေနေရာအား အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဆိုပါက မြို့အဆင့်မီ အားကစားကွင်း ရှိလာမည်ဖြစ်ပြီး ကျောင်းသားလူငယ်များနှင့် ဒေသခံပြည်သူများ အားကစားအတွက် များစွာအကျိုးရှိမည်ဖြစ်ပါတယ်။ အားကစားကွင်း လုံလောက်စွာမရှိသည့်အတွက် လူငယ်အများစုဟာ အိမ်ရှေ့ကွင်းပြင်နှင့် လမ်းမပေါ်များတွင် ဘောလုံးများ ကစားနေရပါတယ်။ ဆမီးမြို့ပေါ်တွင် မြို့အဆင့်မီ အားကစားကွင်း ဆောက်လုပ်ပေးပါရန် ပြည်သူများကိုယ်စား တင်ပြတောင်းဆိုရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးမြို့ပေါ်တွင် စည်ပင်သာယာဈေး တည်ဆောက်ရန်အတွက် လျာထားမြေနေရာတွင် တိုင်းတာပြီး သက်ဆိုင်ရာဌာနသို့ တင်ပြပြီးဖြစ်သော်လည်း ယနေ့အထိ စည်ပင်သာယာဈေး တည်ဆောက်ခြင်းမရှိသည့်အတွက် အဆင်ပြေသလို ဈေးဆိုင်များကို ရောင်းဝယ်နေကြရပါတယ်။ ယနေ့အထိ ဆမီးမြို့ဟာ ပြည်သူများ ဈေးသွားမည့်နေရာ စည်ပင်ဈေးမရှိသော မြို့ ဖြစ်နေပါတယ်။ ချင်းပြည်နယ်အတွင်း အခြားမြို့များတွင် စည်ပင်သာယာဈေးများ ဆောက်လုပ်ပေးနေပြီး ဆမီးမြို့ပေါ်တွင် စည်ပင်ဈေး ဆောက်လုပ်ခြင်းမရှိသည့်အတွက် တချို့သော ဈေးသည်များဟာ မြို့တွင်းတွင် လှည့်လည်ပြီး ရောင်းဝယ်နေရပါတယ်။ စည်ပင်သာယာဈေး ဆောက်လုပ်ပေးပါက ဈေးရောင်းသူများနှင့် ဈေးဝယ်သူ ပြည်သူများအတွက် များစွာအဆင်ပြေမည်ဖြစ်ပါတယ်။ ထို့ကြောင့်

ဆမီးမြို့ပေါ် စည်ပင်သာယာဈေးအား အကောင်အထည်ဖော် ဆောက်လုပ်ပေးပါရန် ပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

ထို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ဆမီးမြို့ပေါ် အားကစားကွင်းကို မြို့အဆင့်မီ အားကစားကွင်းအဖြစ် တည်ဆောက်ပေးရန်နှင့် စည်ပင်သာယာဈေး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဌာနသို့ ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကင်ဆာရောဂါကုဆေးပညာဌာနများကို သီးခြားအဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကင်ဆာရောဂါကုဆေးပညာဌာနများကို သီးခြားအဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့် မေးခွန်းမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ကင်ဆာရောဂါကု ဆေးပညာဌာနများကို သီးခြားအဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကုဌာနများအနေဖြင့် Main Center ကြီး(၅)ခုရှိပါတယ်။ ၎င်းတို့မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ တောင်ကြီးစပ်စံထွန်းဆေးရုံကြီးနှင့် နေပြည်တော်ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးတို့ ဖြစ်ကြပါတယ်။ နေပြည်တော်ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးတွင်သာ ဓာတ်ရောင်ခြည်ဌာနနှင့် ကင်ဆာရောဂါဆေးပညာဌာနဟူ၍ သီးသန့်တည်ရှိပြီး ကျန် Center (၄)ခုတွင် တွဲလျက်တည်ရှိပါတယ်။ ၂၀၁၇ ခုနှစ်တွင် ကင်ဆာလူနာများ များပြားလာသောကြောင့် ဘွဲ့လွန် ကင်ဆာရောဂါ ဆေးပညာရှင်များအား လက်ထောက်ဆရာဝန် ရာထူးဖြင့် တိုင်းနှင့်ပြည်နယ် မြို့ကြီး(၁၃)မြို့သို့ တိုးချဲ့ကင်ဆာ ဌာနများအဖြစ် တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ ၎င်းမြို့ကြီးများမှာ မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ မော်လမြိုင်၊ စစ်တွေ၊ လားရှိုး၊ ကျိုင်းတုံ၊ မုံရွာ၊ မကွေး၊ တောင်ငူ၊ ပုသိမ်၊ ဟင်္သာတနှင့် ထားဝယ်တို့ ဖြစ်ကြပါတယ်။

ထိုမြို့များတွင် ကင်ဆာဆောင်အဖြစ် သီးသန့်မရှိဘဲ ဆေးကုသဆောင်များတွင်သာ တွဲဖက်၍ တာဝန်ထမ်းဆောင်ကုသစေခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်တွင် ကင်ဆာရောဂါ အထူးကုဆရာဝန်များအား Consultant Post အဖြစ် ရာထူးတိုးမြှင့် ခန့်ထားခဲ့ပါတယ်။ ကင်ဆာဆေးသွင်းခြင်း၊ ကုသခြင်းများကို ထိုနယ်ဆေးရုံများတွင် ပြုလုပ်နိုင်ပြီး ဓာတ်ရောင်ခြည်ကုသရန် လိုအပ်သောလူနာများကို Main Center ကြီးများသို့ လွှဲပြောင်းပေးအပ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ဖော်ပြပါပုံမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အဆင်ပြေသလို ဆေးဝါးကုသမှုခံယူနေကြရသော ကင်ဆာလူနာများ ဖြစ်ပါတယ်။ ကင်ဆာဆေးကုသဆောင် သီးသန့်မရှိဘဲ ဓာတ်ရောင်ခြည်ဌာနနှင့် တွဲဖက်လျက် ဆေးကုသပေးနေကြောင်း သိရှိရပါတယ်။ လူနာများမှာ ထိုင်ခုံများတွင် ထိုင်ပြီးတော့ ကျောခိုင်းနေရသူများမှာ လူနာစောင့်များဖြစ်ကြပါတယ်။ ဖော်ပြပါပုံမှာ ကင်ဆာဆေးမသွင်းမီ သွေးအားနည်းနေတဲ့ ကင်ဆာလူနာများကို ထိုင်လျက် သွေးသွင်းနေကြရပုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တင်ပြလိုပါတယ်။ နေထိုင်မကောင်း၍ အားဆေးသွင်းတာတောင်မှ တစ်ခါတစ်လေ ဒီလိုပုံစံမျိုးနှင့် သွင်းလို့ရှိရင် မူးတာ၊ မိုက်တာ၊ မောတာတွေဖြစ်တတ်ပါတယ်။ အဲဒီလိုထိုင်ပြီး သွေးသွင်းတာမျိုး၊ အဲဒီလိုထိုင်ပြီး ကင်ဆာသွေး သွင်းတာမျိုးဆိုတာ ဘယ်လောက်ခံစားရမလဲဆိုတာ ကိုယ်ချင်းစာနိုင်ပါတယ်။ အဲဒါတော့ ကျွန်တော်တို့ မွန်ပြည်နယ်မှာရှိတဲ့ မော်လမြိုင်ကင်ဆာကု ပြင်ပလူနာဌာန ဖြစ်ပါတယ်။ Ward သီးခြားမရှိဘဲနဲ့ မူးယစ်ဆေးဝါးအဆောက်ကို အသုံးပြုနေရတဲ့အတွက် နောက်မှာ မူးယစ်ဆေးဝါးအကျဉ်းသားတွေကို ဖမ်းဆီးထားတဲ့ အကျဉ်းထောင်ပုံစံမျိုး သံတိုင်တွေ တွေ့ရမှာဖြစ်ပါတယ်။ အဲဒါတော့ ကျွန်တော်တို့ မော်လမြိုင်ကင်ဆာဌာနမှာ လူနာမှတ်တမ်းတွေကို ဆေးပစ္စည်းတွေကို အလျဉ်းသင့်သလို မူးယစ်ဆေးဝါးသုံးစွဲသူရဲ့ အချုပ်ခန်း သံတိုင်တွေကြားမှာ ထားနေရပုံဖြစ်ပါတယ်။ ဖော်ပြပါပုံကတော့ ကျွန်တော်တို့ မော်လမြိုင်မှာရှိတဲ့ ကျွန်တော်တို့ ကင်ဆာကုဌာန ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်မှာရှိတဲ့ ကင်ဆာရောဂါသည်တွေ လာရောက်ပြီးတော့ ကုသနေတဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံတွေကတော့ နယ်မြို့မှာရှိတဲ့ ကင်ဆာဆောင်တွေ ဖြစ်ပါတယ်။ ကင်ဆာဆောင်အဖြစ် သီးသန့်မရှိဘဲနဲ့ ကျွန်တော်တို့ Medical Ward တွေမှာ တွဲထားပြီးတော့ ကုသနေရတဲ့ပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကင်ဆာဆေးဝါးများသည် ကင်ဆာဆဲလ်များကို သေစေရုံသာမက ခန္ဓာကိုယ်အတွင်းရှိ ကောင်းမွန်သော ရိုးတွင်းခြင်စီများကိုလည်း သေစေနိုင်ပါတယ်။ ကင်ဆာလူနာများအနေဖြင့် ကုထုံးရ ဆေးအပြင်းစားဖြစ်သည့်အပြင် ဆေးသွင်းရရင်လည်း သက်တောင့်သက်သာဖြစ်ဖို့ အထူးလိုအပ်လှပါတယ်။ ကင်ဆာဆေးသွင်းသည့် ကာလတွင် လူနေထူထပ်သော နေရာများသို့ မသွားသင့်ဘဲ ဖျားနာသောလူနာများနှင့်လည်း နီးနီးကပ်ကပ်မနေသင့်ပါ။ အချို့သော မြို့ကြီးများတွင် Medical Ward များ မရှိတဲ့အတွက်ကြောင့် ကင်ဆာလူနာများကို Medical Ward များတွင် အတူပူးတွဲထားရှိသဖြင့် အသည်းရောင်အသားဝါဘီပိုး၊ စီပိုး အစရှိသော လူနာများနှင့် ကြာရှည်ထားပါက ကူးစက်ရောဂါများကို အလွယ်တကူ ကူးစက်နိုင်ပါတယ် ခင်ဗျား။

ထိုကြောင့် ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ လူတို့၏အစားအသောက်နှင့် နေထိုင်မှုပုံစံဘဝများ ပြောင်းလဲလာမှုတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် ကင်ဆာရောဂါအဖြစ်ပွားဆုံး နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာနေပြီဖြစ်ပါသဖြင့် ထိုမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ညြဘာသံများ)

သီးသန့်နေရာမရှိသဖြင့် ဖြစ်သလိုဆေးသွင်းနေရသော ကင်ဆာဝေဒနာရှင်များမြင်ကွင်းပုံ (တတ)



လူနာစောင့်ထိုင်ခုံတွင် အဆင်ပြေသလို သွေးသွင်းနေကြရသော ကင်ဆာဝေဒနာရှင်များမြင်ကွင်းပုံ(တတ-၁)



ကင်ဆာရောဂါ ဆေးပညာ ပြင်ပလူနာဌာန၏ မြင်ကွင်းပုံ ( တတ-၂ )




**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ၏ မေးခွန်းဖြစ်သော ပလက်ဝမြို့နယ် ဒေသခံပြည်သူများအနေဖြင့် တိုင်းရင်းဆေးကုဌာန(၁)ခုရှိစေရန် အထူးလိုလားလျက်ရှိသဖြင့် ဆေးကုဌာနကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချပေးပါရန်နှင့် အဆောက်အအုံအသစ် တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားမည် ဖြစ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးကုဌာနများကို တိုးချဲ့ဆောင်ရွက်ရာတွင် လိုအပ်သော မြေဧရိယာ၊ လူနေသိပ်သည်းမှု၊ လမ်းပန်း

ဆက်သွယ်ရေး၊ ဝန်ထမ်းများလုံခြုံရေး၊ တိုင်းရင်းဆေးကို ယုံကြည်အားထားမှုရှိ/မရှိ၊ ပတ်ဝန်းကျင်၌ တိုင်းရင်းဆေးရုံများ ရှိ/မရှိ၊ ဆေးကုဌာနများ ရှိ/မရှိ၊ ဘတ်ဂျက်ငွေ ခွင့်ပြုပေါ်မူတည်၍ တစ်နိုင်ငံလုံး အတိုင်းအတာအနေနှင့် ခြုံငုံသုံးသပ်ပြီးတော့ ဘတ်ဂျက်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ရုံးလုပ်ငန်းအရ လုပ်ထုံးလုပ်နည်းအရ ဒီချင်းပြည်နယ်၊ ပလက်ဝမှာ ဖွံ့စည်းပုံ ရရှိရေးအတွက်ကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလ ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့က ကျွန်တော်တို့ စာအမှတ်၊ ၂၇၄၉/၁၂၆၀၄ ဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့ကို ကျွန်တော် အရင်တောင်းရပါတယ်။ ဒီလို အဆောက်အအုံအသစ် လုပ်မယ်ဆိုရင် သက်ဆိုင်ရာပြည်နယ်၊ တိုင်းအစိုးရကို ကျွန်တော် အရင်တောင်းရတယ်။ ပထမဦးစားပေးအနေနှင့်။ ကျွန်တော်တို့ ဘာတောင်းထား၊ မေးထားပါသေးလဲဆိုတော့ အစိုးရအဖွဲ့ကို အဆောက်အအုံအတွက် မြေနေရာလုံလောက်မှု ရှိ/မရှိ။ အဆောက်အအုံ ထပ်မံဆောက်ဖို့ လို မလို၊ နယ်မြေဒေသအခြေအနေနဲ့ မြေပြင်မှာ အမှန်တကယ် လိုအပ်မှု ရှိ/မရှိတို့ကို စိစစ်ပေးဖို့ ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းနှင့် ပြည်နယ်အစိုးရကို တင်ပြပါတယ်။ ဒီမှာကတော့ ချင်းပြည်နယ်အစိုးရကို ကျွန်တော် အကြောင်းကြားထားပါပြီ။ အဲဒီတော့ ချင်းပြည်နယ်အစိုးရကနေပြီးတော့ ခွင့်ပြုကြောင်း သူတို့သုံးသပ်ပြီး လေ့လာပြီးတော့ ခွင့်ပြုကြောင်း အကြောင်းကြားစာ ပြန်လည်ရရှိမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ ပေ(၃၀)ပတ်လည် RC(၁) ထပ် (ရေ၊ မီး အပါအဝင်)နှင့် ဝန်ထမ်းအိမ်ရာ ပေ(၆၀x၃၀) RC (၁)ထပ်၊ (ရေ၊ မီး၊ မိလ္လာ အပါအဝင်)တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းပြီးတော့ ကျွန်တော်တို့ တောင်းဆိုမည် ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နယ်အားကစားကွင်းအား မြို့အဆင့်မီ အားကစားကွင်းအဖြစ် ဖောက်လုပ်ဆောင်ရွက်ပေးရန်နှင့် စည်ပင်သာယာဈေး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်အားကစားကွင်း တည်ဆောက်မှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပလက်ဝမြို့နယ်အားကစားမှူးက ဇူလိုင် ၆ ရက်နေ့ ၂၀၁၇ ခုနှစ်တွင် ဆမီးမြို့နယ် အုပ်ချုပ်ရေးမှူး ပါ ပါတယ်။ စည်ပင်သာယာရေးကော်မတီအဖွဲ့မှ ပါ ပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးမှ ပုဂ္ဂိုလ်များ ပါ ပါတယ်။ စာရင်းအင်းဦးစီးဌာနနှင့် မြို့မိမြို့ဖများနှင့် အတူသွားပြီးတော့ ကွင်းဆင်းဆောင်ရွက် ကြည့်ရှုပါတယ်။ ကြည့်ရှုတဲ့အခါမှာ လက်ရှိအသုံးပြုနေသော ဘောလုံးကွင်း (၁)ကွင်းရှိပါတယ်။ ကျွန်တော်တို့ အနည်းဆုံးအတိုင်းအတာကတော့ (၃၄၅) အလျား၊ အနံ(၂၂၀)ပေ မပါရှိသဖြင့် အဆင့်မီ အားကစားကွင်းအဖြစ် ဆောင်ရွက်ရန် မဖြစ်နိုင်သေးကြောင်း စိစစ်တွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်တို့က ဆက်လက်ပြီးတော့ မြို့နယ်အဆင့် အားကစားကွင်းအဖြစ် ဆောင်ရွက်ရန် နောက်ထပ်သတ်မှတ်ထားသော မြေနေရာတစ်ခုကို သွားကြည့်ပါတယ်။ မြေဧရိယာကတော့ အလျား ပေ(၂၀၀)၊ အနံ(၁၅၀) ပေရှိပြီးတော့ တိုးချဲ့ဆောက်လုပ်မယ်ဆိုလို့ရှိရင် မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲ

ဆိုတော့ ဘေးပတ်ဝန်းကျင်အနီးမှာ ကပ်ပြီးတော့ ပုဂ္ဂလိကပိုင် ကျွန်း စိုက်ခင်းများလည်း ရှိလျက် ရှိပါတယ်။ ကျောက်စီနံရံ အမြင့် (၃၀)ပေခန့်ကလည်း ကာရံပေးရမည် ဖြစ်ပါတယ်။ ပြီးရင် မီတာ(၅၀) အကွာမှာ ချောင်းလည်း (၁)ချောင်း ရှိပါတယ်။ အဲဒီတော့ အဲ့နေရာကလည်း မဖြစ်နိုင်ပါဘူး။

သို့ဖြစ်ပါ၍ ကျွန်တော်တို့အနေနဲ့ကတော့ လက်ရှိမြေပြင် ကွင်းဆင်းစစ်ဆေး တိုင်းတာချက်များအရ ဆမီးမြို့နယ်မှာ အားကစားကွင်းကို မြို့နယ်အဆင့်အဖြစ် ဆောင်ရွက်ဖို့တော့ လုပ်လို့မရသေးပါဘူး။ အကယ်၍ မြို့နယ်အဆင့်လုပ်မယ်ဆိုရင် ကျွန်တော်တို့က အနည်းဆုံး ပေ (၆၀၀)၊ အလျားပေ (၆၀၀)၊ အနံပေ (၄၀၀)မှာ မီတာ (၄၀၀)ပါတဲ့ ဒီ ကွင်းပတ်၊ ဒီ ပြေးခုန်ပစ်အားကစားကွင်းမှာပါတာကို ကျွန်တော်တို့ နေရာရမယ်၊ ရပြီး ကျွန်တော်တို့ အား/ကာဌာနပိုင်အဖြစ် ဆောင်ရွက်မယ်ဆိုလို့ ရှိရင်တော့ ကျွန်တော်တို့နဲ့ ဒီ မြို့နယ်အဆင့်အားကစားကွင်း ဆောက်လုပ်ခွင့်အတွက်ကို ကျွန်တော် လုံးဝ ဝန်မလေးပါဘူး။ ဒါကိုရမယ်ဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ်အစိုးရရဲ့ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေစာရင်းမှာ လျာထားပြီးတော့ ကျွန်တော်တို့က သတ်မှတ်မည်ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဆမီးမြို့နယ်တွင် စည်ပင်သာယာဈေး ဆောက်လုပ်ပေးရန်ကိစ္စနှင့် ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့အနေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ထားခြင်း မရှိသေးပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြန်ကြားချက်အား ပြန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ၏ မေးခွန်းဖြစ်သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပါအဝင် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးရှိ ကင်ဆာရောဂါ ကုသဆေးကုဌာနများကို သီးခြားအဆောက်အအုံများ ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံကြီးများတွင် ကျန်းမာရေးစောင့်ရှောက်လျက်ရှိသော ကင်ဆာရောဂါလုပ်ငန်းအခြေအနေကို ဆန်းစစ်သုံးသပ်နိုင်ရေးအတွက် ကျွန်တော်တို့အားလုံး အသေးစိတ်လေ့လာထားပါတယ်။ အရင်တုန်းကလည်း လေ့လာပြီးပါပြီ။ အဲဒီတော့ ကျွန်တော်တို့ကတော့ အဓိက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်နှင့် စပ်စံထွန်းဆေးရုံကြီးတို့မှာတော့ ကျွန်တော်တို့ ကင်ဆာကုသရာမှာ (၂)မျိုးရှိပါတယ်။ Radiation Therapy နှင့် Medical Therapy ရှိပါတယ်။ Radiation Therapy ကတော့ ဓာတ်ကင်ပြီးတော့ကုသတဲ့နည်းပါ။ အခု ဒေါက်တာဇော်လင်းထွဋ် မေးတာကတော့ Medical Therapy ပါ။ ဆေးသွင်း၊ ဆေးသောက်၊ ဆေးသွင်းတဲ့ ကုသနည်း ဖြစ်ပါတယ်။ အဲတော့ Radiation Therapy ဓာတ်မှန်နှင့် လုပ်တာကတော့ ကျွန်တော်တို့ မြန်မာပြည်မှာ (၄)နေရာရှိပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်နှင့် စပ်စံထွန်း ရှိပါတယ်။ အခု ဒီမှာ ဒေါက်တာဇော်လင်းထွဋ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့ ဒီအထူးကုဆရာဝန်ဆိုတာ SpeciaList AS တွေလို့ ခေါ်ပါတယ်။ ရိုးရိုးဆရာဝန် သို့သော်လည်း

အထူးကုလက်ထောက်ဆရာဝန်လို့ ခေါ်ပါတယ်။ ဒါပေမဲ့ သူဟာ သူ့ဟာနဲ့သူ နှစ်ကြာလို့ရှိရင် နှစ်မကြာခင်မှာပဲ သူက Junior Consultant ကနေ Senior Consultant ဖြစ်ပါတယ်။ အဲဒီတော့ ဒီဆရာဝန်တွေကို ကျွန်တော်တို့က တိုင်းနှင့်ပြည်နယ် (၁၁)ခု မှာရှိတဲ့ ဆေးရုံတွေမှာ တာဝန်ချထားပြီး လုပ်ပါတယ်။

ဒီမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ။ မကွေးသင်ကြားရေး မကွေးဆေးရုံမှာရှိပါတယ်။ မကွေးပြည်သူ့ဆေးရုံကြီးမှာ ရှိပါတယ်။ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ ပုသိမ်၊ ဟသ်ာတ၊ ဖျာပုံတို့မှာလည်း ကျွန်တော်တို့ ရှိပါတယ်။ အဲဒီတော့ ဒီဟာတွေကိုလည်း ကျွန်တော်တို့ ဆန်းစစ်မှုလုပ်ခဲ့ပါတယ်။ ထို့ပြင် ကျွန်တော်တို့က ဒီ ရန်ကုန်မှာလဲ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပြည်သူ့ဆေးရုံကြီးမှာ ဆေးသွင်းကုသတဲ့လူနာက တစ်နေ့ တစ်နေ့ကို ပျမ်းမျှ (၁၀၀) ရှိပါတယ်။ ပဲခူး၊ တောင်ငူ၊ မကွေး၊ ပြည်မှာဆိုရင်တော့ တစ်နေ့တစ်နေ့ကို (၁၅)ဦးပဲ ရှိပါတယ်။ ကျွန်တော်တို့က ဘယ်လိုလုပ်ပါလဲဆိုတော့ ဒီ Medical Therapy ဆိုတာ ဆေးရုံတက်ပြီး ကုသဖို့မလိုပါဘူး။ သူက ဆေးလာသွင်းတယ်။ ပြီးရင် ပြန်တယ်။ စိတ်မချရတဲ့သူက တစ်ရက်လောက် ထားရင်ထားမယ်။ နှစ်ရက်လောက် ထားရင်ထားမယ်။ ဒါပဲ။ Side effect ကို ကြည့်ဖို့ပါ။ ဆေးရုံမှာ ကုသပြီးမလုပ်ပါဘူး။ ကုသစရာလည်းမလိုပါဘူး။ ပြီးရင် အိမ်ပြန်သွားပါတယ်။ နောက် သူ့သက်ဆိုင်ရာ တစ်လတစ်ခါ၊ နှစ်လတစ်ခါ ဒါမျိုးပြန်လာပြီး ကုတဲ့သဘောဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ပိုက်ဆံရှိမယ်ဆိုလို့ရှိရင်တော့ အစိုးရက ကျွန်တော်တို့ကို ဘတ်ဂျက်ချပေးမယ် ဆိုရင်တော့ ကျွန်တော်တို့ ဘာမှပြဿနာမရှိပါဘူး။ ဒီဆေးရုံတွေမှာ ကျွန်တော်တို့က အဆောင်တွေ ဘာတွေ အသစ်ဆောက်ပြီး ကျွန်တော်တို့ ပေးလို့ရပါတယ်။ ဒါက ကျွန်တော်ဒီမှာ တင်ပြတာက အဓိက က ပိုက်ဆံပါပဲ။ ပိုက်ဆံရှိရင် ဒီအဆောက်အဦက ပေးလို့ရပါတယ်။ အဲဒါလေးက ကျွန်တော်တင်ပြ ချင်ပါတယ်။

ကျွန်တော်တို့ နောင်နှစ်ဘတ်ဂျက်မှာလည်း ကျွန်တော်တို့ တောင်းကြည့်ပါမယ်။ တောင်းကြည့် လို့ ခွင့်ပြုမယ်ဆိုရင် ဒါကျွန်တော် ပိုလဲပေးချင်ပါတယ်။ ဘာလို့လဲဆိုရင် ဒီကင်ဆာရောဂါ ကုသရာမှာ ဆိုရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဇော်လင်းထွန်း ပြောတဲ့အတိုင်း ကျွန်တော်တို့ တန်းစီပြီး၊ အိပ်ပြီး၊ ထိုင်ပြီးလုပ်တာက ဒါလုံးဝ ကျွန်တော်တို့ ဆေးပညာကျင့်ဝတ်နှင့် လုံးဝမညီပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ဒါကို ကြည့်ပြီးတော့ ခံစားရပါတယ်။ ဒါမျိုးကတော့ မဖြစ်သင့်ပါဘူး။ အခြားရောဂါနဲ့မတူတဲ့ ကင်ဆာရောဂါဆိုတာ သူတို့ရဲ့ ဒါဘဝနေဝင်ချိန်ပေါ့လေ။ ဒီလူ့သက်တမ်းရဲ့ နောက်ပိုင်းမှာဖြစ်တဲ့အတွက် ကျွန်တော် အထူးဂရုပြုပြီးတော့ ကျွန်တော်လည်း အများကြီးပြောပါတယ်။ ကျွန်တော့်ဆရာဝန်ကြီးတွေကို။ ကင်ဆာရောဂါလူနာလာရင် ဒီလူသည် ကိုယ့်အမေ၊ ကိုယ့်အဖေ၊ ကိုယ့်သား၊ ကိုယ့်တူလို သဘောထားပြီး ကုပေးပါ။ သူတို့သည် သူတို့ရဲ့ ဒီရောဂါအခြေအနေဟာ တော်တော်ဟိုဟာဖြစ်တယ် ဖြစ်တဲ့အကြောင်း ကျွန်တော်အကုန်လုံး ပြောထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘယ်လိုလုပ်ပါလဲဆိုတော့ ဒီလိုဆေးရုံတွေမှာ Day Care Unit သက်သက်ဖွင့်ထား ပါတယ်။ နေရာ၊ အခန်းတွေ ရှိရင် အခန်းတွေပေးတယ်။ လိုက်ကာတွေနှင့် ကာပေးထားပါတယ်။ Day Care Unit များဖွင့်ပြီးတော့ ကင်ဆာဆေးဝါးသွင်းခြင်းလုပ်ငန်းများကို ကျွန်တော်တို့ ဆောင်ရွက်

လျက်ရှိပါတယ်။ အတွင်းလူနာအဖြစ် သူ့မှာ ဒီကင်ဆာအပြင် အခြား Associate Disease ပေါ့။ တခြားရောဂါတွေပါတယ်ဆိုရင် သူတို့ကို Medical Ward မှာထားပါတယ်။

ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ။ သူတို့က အခြားရောဂါတွေ ကူးစက်ဖို့ Chance ကများတဲ့အတွက် ကျွန်တော်တို့ သက်သက်ပေါ့။ Isolation တော့မဟုတ်ဘူး။ သက်သက်ကာပြီးတော့ ကျွန်တော်တို့ ဂရုပြုပြီးလုပ်လျက်ရှိပါတယ်။ အဲဒီတော့ သီးသန့်ခန်းလေးများနှင့် ကျွန်တော်တို့လုပ်ပါတယ်။ အထူးကုဆရာဝန်ကြီးရဲ့ ကြီးကြပ်မှုအောက်မှာလုပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ဆက်တည်း တင်ပြချင်တာက ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့က ဒီကင်ဆာရောဂါတွေ ကုဖို့အတွက်ကို အခြားနိုင်ငံမှာတောင် မပေးပါဘူး။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့က ဆေးအတွက်ကို (၂)ဘီလီယံ၊ ကျပ် (၂) ဘီလီယံ ပေးပါတယ်။ နောက်ပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ (၂.၅)ဘီလီယံပါ။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ (၂.၆)ဘီလီယံ ကျွန်တော်တို့ ဆေးတွေ ဝယ်ပြီးတော့ ကျွန်တော်တို့ အလကားကုသပေးနေတာ အတတ်နိုင်ဆုံး။ အဲဒါကို ကျွန်တော် ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြတာပါ။ ကျွန်တော်တို့ ရန်ကုန်ဆေးရုံကြီးမှာကျတော့ ခုနက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း သီးသန့်တိုးချဲ့ဆောင် (၅) ထပ်ဆောင် ကျွန်တော်တို့ ဆောက်နေပါတယ်။ ၂၀၁၅-၂၀၁၆ မှာ သန်း (၁၀၈၃)ပေးပြီး ဆောက်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ သန်း (၃၀၀)၊ ၂၀၁၇-၂၀၁၈ မှာ သန်း (၇၈၉.၅၃၆)သန်းနဲ့ ဆောက်နေတာ အခုဒီနှစ်မှာ ပြီးပါပြီ။ ပြီးမယ်ဆိုရင် ခုန ရန်ကုန်ဆေးရုံကြီးမှာလည်း ခုနက ဒီလိုကျပ်သိပ်ခဲ့တာတော့ မရှိတော့ပါဘူး။ ဒီနှစ်အတွင်းမှာ ပြီးမယ်ဖြစ်ပါတယ်။

အလားတူစွာပဲ ကျွန်တော်တို့ မကွေးသင်ကြားရေးဆေးရုံကြီးမှာလည်း အသစ်ဆောက်လျက်ရှိသော (၂)ထပ်ဆောင်ပေါ်မှာ ကင်ဆာဆေးကုဆောင် ဆိုပြီးတော့ ရည်ရွယ်ပြီးတော့ ကျပ်သန်းပေါင်း (၅၁၈)သန်းနဲ့ ဆောင်ရွက်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ (၃၇၃)သန်း၊ ၂၀၁၇-၂၀၁၈ မှာ (၁၄၅)သန်း ဒီနှစ်မှာပြီးစီးမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာဆို ကင်ဆာလူနာများ သက်သက်သာသာ ချောင်ချောင်ချိချိနဲ့ နေနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှာတော့ ကျွန်တော်တို့က ဘယ်လိုလုပ်နေပါလဲဆိုတော့ ဒီ ၂၀၁၆-၂၀၁၇ ကစပြီး (၄) ထပ်ဆောင်အသစ် ဆောက်နေပါတယ်ခင်ဗျား။ (၄) ထပ်ဆောင်အသစ်ဆိုတာက ပထမထပ်မှာ ဖျားနာ၊ ဒုတိယထပ်မှာ ကျောက်ကပ်၊ နှလုံး၊ တတိယထပ်မှာ ယူရို ပေါ့၊ ဦးနှောက်နဲ့ ဒီ ကျောက်ကပ်ပေါ့၊ စတုတ္ထထပ်မှာ အဆင့်မြင့်ခွဲစိတ်ခန်း အဲတော့ ဒီဟာကြီးကပြီးပြီ၊ ပြီးမယ်ဆိုလို့ရှိရင် လောလောဆယ် ခုတင် (၅၀) ဖျားနာကုသဆောင် ရှိပါတယ်။ အဲဒီ ဖျားနာကုသဆောင်က လူနာအားလုံးသည် အသစ်ဖြစ်တဲ့ (၄)ထပ်ဆောင်ပြောင်းသွားမယ်ဆိုရင် ဒီ ခုတင် (၅၀)ဆံ့ ဖျားနာဆောင်ကြီးက ရှိတယ်။ အဲဒီမှာ ကျွန်တော်က ကင်ဆာ Ward ကို ပြောင်းဖို့ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး စိတ်ပူစရာမလိုပါဘူး။ ကျွန်တော်တို့ ဒါကို ဒီလိုပြောင်းလိုက်ရင် ချောင်ချောင်ချိချိနဲ့ ကုသဖို့လွယ်ပါတယ်။ နောက် ဒီ ကျွန်တော်တို့ ဆေးရုံအုပ်ကြီးနှင့်လည်း ကျွန်တော်တို့ အဆက်အသွယ်အမြဲရှိပါတယ်။ မော်လမြိုင် ဆေးရုံအုပ်ကြီးနဲ့ အဆက်အသွယ်လုပ်နေပါတယ်။ ဒီမှာ ကျွန်တော် တစ်ခုပဲတင်ပြချင်တာက ခုနက

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း Medical Record တွေနေရာမှာ အဲဒီလို Medical Record တွေကို ဒီလိုထားတာကတော့ လုံးဝမကောင်းပါဘူး။ ကျွန်တော့်အနေနဲ့ ပြန်သွားလို့ရှိရင် ကျွန်တော် ဆေးရုံအုပ်ကြီးနဲ့တိုင်ပင်ပြီး ဒါတွေကို ဘယ်လိုလုပ်မယ်ဆိုတာကို ကျွန်တော် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က အခု ဒီမော်လမြိုင် ပြည်သူ့ဆေးရုံကြီးမှာ ခုနက စိတ်ရောဂါ လောလောဆယ်တော့ (၂၉)ခုတင်ပေါ့။ စိတ်ရောဂါ ကုသဆောင်နေရာမှာ အခု (၂၉)ခုတင်နှင့် ကျွန်တော်တို့ ဆောက်လုပ်လျက်၊ ကင်ဆာဆေးကုရေးလုပ်နေတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်ကြီး သိမယ်ဖြစ်ပါတယ်။ အသစ်ပြီးလို့ရှိရင်တော့ လုံးဝချောင်ချိသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာ တစ်ခုတင်ပြချင်တာကတော့ ဒီကင်ဆာရောဂါကို ကြည့်တဲ့နေရာမှာ မြန်မာပြည်မှာ ဘယ်နေရာမှာ ကင်ဆာတွေက ဘယ်လောက်ဖြစ်နေလဲ၊ ဘယ်ဆေးရုံမှာ ဘယ်လောက်ကုနေတယ်၊ ကင်ဆာ Register ကျွန်တော်တို့ လုပ်နေပါတယ်။ အခုလဲ စတင်ပြီးတော့ လုပ်နေပါပြီ။ ဒါပေမဲ့လည်း ပိုမိုပြီးတော့ တိကျပီပြင်ပြောင်မြောက်အောင် ကျွန်တော်တို့ လုပ်လျက်ရှိပါတယ်။ ဒီဟာ ကင်ဆာ Register သိရင် ကျွန်တော်တို့နိုင်ငံမှာ ဥပမာဆိုရင် ပဲခူးမှာ ပိုဖြစ်တယ်ဆိုရင် ပဲခူးမှာ ကျွန်တော်တို့ ဦးစားပေး ဆောက်ပေးမယ်၊ ကရင်မှာဖြစ်ရင် ကရင် ပိုဆောက်ပေးမယ်။ အဲဒီတော့ ဒါတွေကို ကျွန်တော်တို့ လေ့လာနေပါတယ်။ ထို့ပြင် ကျွန်တော်တို့ ဂုဏ်ယူပြီး ပြောရရင် ကျွန်တော်တို့ တစ်ကမ္ဘာလုံးမှာ ဒီ ကင်ဆာကုသမှုနဲ့ ပက်သက်ပြီးတော့ Radiation Therapy မှာပေါ့လေ။ (၃)နိုင်ငံ တစ်ကမ္ဘာလုံးမှာ ရွေးပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့ ပါ ပါတယ်။ တစ်ခုကတော့ ကာလီမြို့မှာ၊ နောက်တစ်ခုက ဥရုဂွေးနိုင်ငံမှာရှိတဲ့ အဆန်းရှန်း။ ကျွန်တော်တို့ စပြီးတော့ Project လုပ်နေပါပြီ။ ဆိုလိုတာက ကင်ဆာရောဂါတွေ ကုသပုံ၊ ကုသနည်းကို ပြန်ပြီး ကုသပုံ၊ ကုသနည်းဆိုတာ လူနာတွေ ဘယ်လို လာတယ်၊ ဘယ်လိုသွားတယ်၊ ဘယ်လောက်ကြာတယ် အဲ့ဒါ လုပ်လာတယ်။

အဲဒီတော့ ဒါ (၃)နိုင်ငံတည်း ရွေးတယ်ဆိုတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ တော်တော်ဂုဏ် ရှိပါတယ်။ အခုစပြီး ရန်ကုန်မှာ လုပ်နေပါပြီ။ ရန်ကုန်မှာလုပ်တဲ့ အတွေ့အကြုံကို မူတည်ပြီးတော့ ကျွန်တော်တို့ အခြားတိုင်းနှင့် ပြည်နယ်မှာရှိတဲ့ မြို့ကြီးတွေမှာလည်း ကျွန်တော်တို့ ဆက်လက်လုပ်မှာ ပါ။ နောက်တစ်ချက်က ကျွန်တော်ဒီမှာ ကြုံပြီးတော့ တင်ပြချင်တာ။ ကျွန်တော်တို့နိုင်ငံမှာ Non-Communicable divease မကူးစက်တဲ့ရောဂါ ကင်ဆာကုသမှုအပါအဝင် ကင်ဆာရောဂါကို ဘယ်လိုမဖြစ်အောင် ကာကွယ်မလဲဆိုတာကို လုပ်နေပါတယ်။ ဒီကုသပိုင်းကိုလုပ်ရင်တော့ နောက်ထပ် နှစ်(၁၀၀၀)သွားရင်လည်း ကုသလို့မပြီးပါဘူး။ သို့သော် ကျွန်တော်တို့အနေနဲ့က ကင်ဆာရောဂါ အသစ်မဖြစ်အောင် ဘယ်လို Preventive Medicine ဘာလုပ်မယ်ဆိုတာကို ကျွန်တော်တို့က အထူးအရေးထားပြီး လုပ်လျက်ရှိကြောင်းကိုလည်း ကျွန်တော် လေးစားစွာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေး မေး မေး။ လိုရင်းမေးလိုက်။

**ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အထူးပဲ ကျေးဇူး တင်ပါတယ်။ အဲဒီတော့ ကျွန်တော် အားကစားကွင်းကိစ္စနှင့် အနည်းငယ် ပြောချင်ပါတယ်။ အဲဒီတော့ ကျွန်တော် မေးခွန်းမေးမှပဲ ဌာနဆိုင်ရာက သွားတာ၊ ကွင်းဆင်းတာ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ တကယ်တမ်းဆိုရင်တော့ လျာထားတဲ့နေရာမှာ မလုံလောက်ဘူး ဆိုရင်လည်းပဲ လက်ရှိ ဒီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဆမီးမြို့ပေါ်မှာ (၆) မိုင် မြို့ပတ်လမ်း (၆)လမ်း ရှိပါတယ်။ အဲဒီ မြို့ပတ်လမ်းလုပ်မယ့်နေရာက ဧကပေါင်း (၇၀၀)ကျော်။ လူတစ်ယောက်မှ မနေသေး ပါဘူး။ အဲဒီနေရာဟာ မြေလွတ်၊ မြေရိုင်း မဟုတ်ပါဘူး။ မြို့မြေဖြစ်ပါတယ်။ အဲဒီမြို့မြေပေါ်မှာ ဧကပေါင်း (၇၀၀) ကျော်ထဲမှာ အခုန ပြောသွားတဲ့ ဒီ ပေ (၆၀၀)၊ (၄၀၀) လည်းပဲ ကြိုက်သလို လုပ်လို့ရပါတယ်။ ကျွန်တော်တို့ ချင်းတောင်မှာ တကယ်တမ်းဆိုရင်တော့ မြေမဖောက်လုပ်ဘဲနဲ့ ဘယ်အရာမှ အကောင်အထည်ဖော်လို့ရမှာ မဟုတ်ပါဘူး။ မြေတော့ ဖောက်လုပ်ရမှာပဲ။ အခု ဟားခါးဖြစ်ဖြစ်၊ ခါအိုရာဖြစ်ဖြစ်၊ တခြားမြို့နယ်တွေမှာဖြစ်ဖြစ် ဘောလုံးကွင်း လုပ်တဲ့အချိန်မှာ မတူပီမှာပဲဖြစ်ဖြစ် မြေကို နှစ်ပေါင်းများစွာ ဖောက်လိုက်မှပဲ ဒီကနေ့ အဲဒီဘောလုံးကွင်း လုပ်တာဖြစ်ပါတယ်။ အဲဒါကြောင့် ခုန ဒီမြို့ပတ်လမ်း ဖောက်မယ့်နေရာမှာ ပေပေါင်း (၁၀၀၀) ဖြစ်ဖြစ် ပတ်လည်ဖြစ်ဖြစ် အဲ့မှာ လျာထားပြီးမှ ဒီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကျရင်တော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်းဆိုအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်၏ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း မြေရှိမယ်ဆိုရင် ကျွန်တော်တို့က လုံးဝ လုပ်ပေးပါမယ်။ ကျွန်တော်တို့ ဒါကို စိတ်ပူစရာမလိုပါဘူး။ ချက်ချင်းကျွန်တော်တို့ လုပ်ပေးပါ့မယ်။ အဲဒါ ကျွန်တော် ခုနက တစ်ချက်လေး ကျန်သွားလို့။ ခုန အဖြေမှာ။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီ ကင်ဆာရောဂါကို အဆောင်ဆောက်လို့ မရပါဘူး။ ကျွန်တော်တို့ ဒီဆရာဝန်တွေ ထုတ်နေပါတယ်။ ထုတ်နေတာက ကျွန်တော်တို့ကနည်းတော့ နည်းပါတယ်။ ကင်ဆာရောဂါ ဆေးပညာမှာ (၁၇)ဦး ရှိပါတယ်။ ဓာတ်ရောင်ခြည်မှာ (၁၇)ဦး၊ ဒါကြောင့် ဒီ ၂၀၁၇ ခုနှစ်မှာ (၁၇)ယောက်တိုးလာမယ်။ နောက်တစ်ခါ ၂၀၁၈ ခုနှစ်မှာ (၁၃)ယောက်တိုးလာမယ်။ ကျွန်တော်တို့ ပိုထုတ်ဖို့ရှိပါတယ်။ အဲဒါလေး ကျန်သွားလို့ ပြောကြားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးဇော်မင်း(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**

**အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ - ၃၉၅

ရက်စွဲ ၊ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁ ရက်

၁။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ၂၅-၇-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးထွန်းထွန်းဦး၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)က ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က ဦးခင်မောင်မြင့်၊ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က ဒေါက်တာခွန်ဝင်းသောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)စတဲ့ ကိုယ်စားလှယ်(၅)ဦး ဆွေးနွေးခဲ့ပါတယ်။ ၂၈-၇-၂၀၁၇ ရက်နေ့မှာ အကြံပြုဆွေးနွေးတဲ့အခါမှာ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အကြံပြုဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်များ အပါအဝင် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ပညာရှင်များနှင့်အတူ ၃၁-၇-၂၀၁၇ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက် ရတနာ ဥပဒေကြမ်းကို ဆွေးနွေးညှိနှိုင်းရာမှာ အဓိပ္ပာယ်ပိုမိုပြည့်စုံရှင်းလင်းစေရန်အတွက် မူလ ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(စ) တွင် ဖော်ပြထားသော ကျောက်မျက်ရတနာလုပ်ကွက်များ ပိတ်သိမ်းပြီးနောက် ဆိုသည့်စကားရပ်ကို ကျောက်မျက်ရတနာလုပ်ကွက်များ စနစ်တကျပိတ်သိမ်းပြီး နောက်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော စကားရပ်များအစား အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ

လုပ်ကွက်တစ်ခုချင်းအတွက် နေရာပေါ်မူတည်၍ သင့်လျော်သော အတည်ပြုဈေးနှုန်းကို သတ်မှတ်ပေးရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သောရွေးချယ်မှု စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။ ရွေးချယ်မှုစည်းကမ်းချက်များနှင့် ညီညွတ်သူ နှစ်ဦးအထက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းလာသည့်အခါ လွန်ခဲ့သော တူးဖော်ထုတ်လုပ်သည့်ကာလက ဆောင်ရွက်မှုသာလွန်သော ခွင့်ပြုမိန့်ရရှိသူကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ အထက်ဖော်ပြပါ ပထမဦးစားပေးအချင်းချင်း တူညီနေပါက လက်ရှိလက်ငုတ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ ဒေသခံကို တတိယဦးစားပေး အဖြစ်လည်းကောင်း အကယ်၍ အထက်ဖော်ပြပါ ဦးစားပေးအချက်များ တူညီနေပါက ဈေးပြိုင်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော စကားရပ်များအစား အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသေးစားတူးဖော် ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် အတည်ပြုဈေးနှုန်းများကို သတ်မှတ်ရမည်။

အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သော ရွေးချယ်မှုစည်းကမ်းချက်များ သတ်မှတ်ပေးရမည်။ ရွေးချယ်မှု စည်းကမ်းချက်များနှင့် ညီညွတ်သူနှစ်ဦးအထက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းလာသည့်အခါ လွန်ခဲ့သော တူးဖော်ထုတ်လုပ်သည့်ကာလက ဆောင်ရွက်မှုသာလွန်သည့် ခွင့်ပြုမိန့်ရရှိသူကို ပထမဦးစားပေး အဖြစ်လည်းကောင်း၊ အထက်ဖော်ပြပါ ပထမဦးစားပေးအချင်းချင်း တူညီနေပါက လက်ရှိ လက်ငုတ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ ဒေသခံကို တတိယဦးစားပေးအဖြစ်လည်းကောင်း အကယ်၍ အထက်ဖော်ပြပါ ဦးစားပေးအချက်များ တူညီနေပါက ဈေးပြိုင်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၄၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထား ဆောင်ရွက်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်

အဖွဲ့ဝင်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါ၍ မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောက်ရွက်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ကိုယ်စား လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပြင်ဆင်ချက် ဖြစ်တဲ့ -

**၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အခွဲပွာယ်ဖွင့်ဆိုချက်ဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဃ)(ည)(ဋ)(ဍ)(တ)(ထ)(ဒ)တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ (ဃ)(ည)(ဋ)(ဍ)(တ)(ထ)(ဒ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂ (ဃ)(ည)(ဋ)(ဍ)(တ)(ထ)(ဒ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကွက်သတ်မှတ်ခြင်းဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)နဲ့ (စ)၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(က)နဲ့(ခ) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(ဃ)(စ)၊ အခန်း (၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(ဃ)(စ)၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကော်မတီရဲ့ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)နဲ့(ခ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(က) တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ (က)(ခ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇ (ခ)၊ အပိုဒ် ၁၈(က)၊ အပိုဒ် ၂၀ (က) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ (က)(ခ)၊ အပိုဒ်၁၂၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇ (ခ)၊ အပိုဒ် ၁၈ (က)၊ အပိုဒ် ၂၀(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ရတနာခွန်ပေးဆောင်မှုဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(ဃ)နဲ့(စ)၊ အပိုဒ် ၂၂ ရဲ့ ခြေဆင်းနဲ့ အပိုဒ် ၂၈၊ အပိုဒ်ခွဲ (က)နဲ့(ဂ) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁ (ဃ)(စ)၊ အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ် ၂၈ (က)(ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁ (ဃ)(စ)၊ အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ် ၂၈(က)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များကို တင်ပြပါမယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ (ဂ)နဲ့(င) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ (ဂ)(င) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ (ဂ)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အခန်း(၉) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃ ရဲ့ ခြေဆင်း၊ အပိုဒ် ၃၃၊ အပိုဒ်ခွဲ(က)နဲ့(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၇ တွင်းဝခွန်နှင့် ရတနာခွန်ဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃ (က)(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၆(ခ)၊ အပိုဒ် ၃၇ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃ (က)(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၆ (ခ)၊ အပိုဒ် ၃၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ကျောက်မျက်ရတနာ ဗဟိုကြီးကြပ်ရေးကော်မတီရဲ့ လုပ်ငန်းတာဝန်ဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄၀၊ အပိုဒ်ခွဲ (က)(ခ)(ဃ)(င)(ဆ)(ည) နှင့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄၄ ရဲ့ ခြေဆင်း၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆ ရဲ့ ခြေဆင်းတို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၀(က)(ခ)(ဃ) (င)(ဆ)(ည)၊ အပိုဒ် ၄၄ ခြေဆင်း၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆ ခြေဆင်း ပြင်ဆင်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၀ (က)(ခ)(ဃ)(င)(ဆ)(ည)၊ အပိုဒ် ၄၄ ခြေဆင်း၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄၇၊ အပိုဒ် ၄၈ ရဲ့ ခြေဆင်း၊ အပိုဒ် ၄၉ ခြေဆင်း၊ အပိုဒ် ၄၉၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၁ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၇၊ အပိုဒ် ၄၈ ခြေဆင်း၊ အပိုဒ် ၄၉ ခြေဆင်း၊ အပိုဒ် ၄၉(က)၊ အပိုဒ် ၅၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၇၊ အပိုဒ် ၄၈ ခြေဆင်း၊ အပိုဒ် ၄၉ ခြေဆင်း၊ အပိုဒ် ၄၉(က)၊ အပိုဒ် ၅၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဆက်လက်ပြီးတော့ အထွေထွေပြဋ္ဌာန်းချက်ဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များကို တင်ပြပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၅၄၊ အပိုဒ်ခွဲ (က)(ဂ)(ဃ)၊ အပိုဒ် ၅၇၊ အပိုဒ် ၆၀ နဲ့ အပိုဒ် ၆၁ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

**ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ပုဒ်မ ၅၄(ဂ) အား အမျိုးသားလွှတ်တော်၊ နည်းဥပဒေ ၁၉၀၊ ၁၉၁၊ ၁၉၂ တို့အရ ယခင် ဥပဒေကြမ်း ဆွေးနွေးပွဲမှာ ဆွေးနွေးတုန်းက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း လုပ်ငန်းဆောင်ရွက်ရာ ဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျောက်မျက်ရတနာ လုပ်ကွက်များ ပိတ်သိမ်းပြီး ပြန်လည်အပ်နှံရာတွင် ဆိုတဲ့အချက်က ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာလည်း ကျွန်တော် ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော် အစည်းအဝေးမှာ ကျွန်တော်တင်ပြတဲ့အချက်က လုပ်ငန်းစတင်သည်နှင့် တစ်ပြိုင်နက် ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒုတိယအချက်က ရန်ပုံငွေတစ်ရပ်အား ထားရှိရမည် ဆိုတဲ့နေရာမှာ အဲဒီရန်ပုံငွေဟာ ဘယ်မှာထားမှာလဲ ဆိုတဲ့ အချက်မပါပါဘူး။ အဲဒီ

အချက်(၂)ချက်လေးကြောင့် ဖြည့်စွက်ပြီးတော့ ကျွန်တော်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်နှင့် အခု လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့အချက်ကို ကျွန်တော်မဲခွဲဆုံးဖြတ်ပါမယ်။ မဲခွဲတာ စက်ခလုတ်နဲ့ မဲခွဲဆုံးဖြတ်ပါမယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီးတော့ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံချက်များလျှင် ဒါ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုမယ်ဖြစ်ပါတယ်။ ကန့်ကွက်မဲများလျှင်တော့ ကျွန်တော်တို့ အခု ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်ကို အတည်ပြုမယ်ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၄၇)မဲ၊ ကန့်ကွက်မဲ (၁၂၉)မဲ၊ ကြားနေမဲ မရှိပါဘူး။

ဒါကြောင့် ကန့်ကွက်ဆန္ဒမဲများတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ရဲ့ တင်ပြချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်တဲ့ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း ထုတ်ပြန်ခြင်းဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များ ဖြစ်တဲ့ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၆၅ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၃၊ အပိုဒ် ၆၄(ဂ)၊ အပိုဒ် ၆၅ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၃၊ အပိုဒ် ၆၄ (ဂ)၊ အပိုဒ် ၆၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ဖြစ်တဲ့ အဆိုပြုပြင်ဆင်ဒ္ဓာန်းထားတဲ့ ဥပဒေကြမ်း ရဲ့ အခန်း ၁၄၊ အပိုဒ် ၅၅ ကို လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ချက်မရှိတဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြု ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

## ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) (ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ) က ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ) အရ ၂၀၁၇ ခုနှစ်၊ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ (ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ)မှ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးကျော်သီဟ( ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ အားလုံးမင်္ဂလာကျက်သရေ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်က အမျိုးသားလွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးကျော်သီဟ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံ အတည်ပြုပေးနိုင်ပါရန် အဆိုတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ က ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းအောင် က လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၃၀) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်လေးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပြီးတော့ မင်္ဂလာအပေါင်း ခညောင်းကြပါစေကြောင်း နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေ(၉)မှ ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေး ကာလအထိ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီအရင်ခံစာ အပေါ် ကျွန်တော်မှ အပြုသဘောဆောင်သော ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်(၂)ရပ်မှာ ဥက္ကဋ္ဌကြီး များမှ ဖွဲ့စည်းပေးထားသော ရေးရာကော်မတီများဟာ လွှတ်တော်အသေးစားများ ဖြစ်သကဲ့သို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ဆိုတာကလည်း ပြည်သူက ရွေးချယ်ထားသူများ ဖြစ်ပါ တယ်။ ရေးရာကော်မတီ အသီးသီးမှ သုံးသပ်အကြံပြုချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေက ဂရုတစိုက် ဆောင်ရွက်ဖို့ လိုပါတယ်လို့ ပြောကြားလိုပါတယ်။

လေ့လာတွေ့ရှိချက်များအရ ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေ၊ နည်းဥပဒေများဟာ ကိုလိုနီ ခေတ်က ရေးဆွဲပြဋ္ဌာန်းခဲ့သော အက်ဥပဒေများကို လိုတိုးပိုလျှော့ မြန်မာဘာသာပြန်ဆိုတာ များကြောင်း တွေ့ရပါတယ်။ Labour Law လို့ခေါ်တဲ့ အလုပ်သမားဥပဒေက အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦး နှစ်ဖက်သဘောတူညီချက် စာချုပ်လို့ပြောတဲ့ Employment Contract ဆိုတာ ၂၀၁၂ ခုနှစ်ထိ အလုပ်ရှင်အတွက် တစ်ဖက်သတ် ရေးဆွဲထားခြင်းဖြစ်ပြီး အလုပ်သမားအများစု ရသင့်ရထိုက်တဲ့ အခွင့်အရေးများထက် အလုပ်သမားများကို အပြစ်ပေး အရေးယူဖို့ ပြစ်မှုပြစ်ဒဏ်တွေက ပိုများနေ တယ်လို့ မျက်မှောက်ခေတ် ဥပဒေပညာရှင်တွေက သုံးသပ်ထားပါတယ်။ အများသိကြတဲ့အတိုင်း အနိမ့်ဆုံးလုပ်အားခ တစ်ရက် (၃၆၀၀)ကျပ် ဖြစ်ဖို့ကိစ္စကို (၁၈)လကြာအောင် ဆွေးနွေးတိုင်ပင် ညှိနှိုင်းကြတာ အဆင်မပြေလို့ နောက်ဆုံး အလုပ်သမားဝန်ကြီးဌာနက အတည်ပြု သတ်မှတ်ပေးလိုက် ရတာတောင် မလိုက်နာဘဲနှင့် ကုန်ပစ္စည်းထုတ်လုပ်တဲ့ စက်ရုံတွေ၊ အလုပ်ရှင်တွေ မလိုက်နာကြသေး တာ ရှိနေဆဲပါပဲ။

ရာစုနှစ်များစွာ ခေတ်တွေ စနစ်တွေ ပြောင်းလဲခဲ့ပေမယ့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုတွေဟာ စဉ်ဆက်မပြတ် ဖြစ်နေတာကို သတိပြုမိကြမှာပါ။ ကျွန်တော်ဆိုရင် ၁၉၉၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အထွေထွေမန်နေဂျာ၊ စီမံကိန်းမန်နေဂျာ ရာထူးတာဝန်များနဲ့ လော်စစ်ဟန် ပိုင်တဲ့ Asia World ၊ ခွန်ဆာသမီးပိုင်တဲ့ Vantage၊ ဂျပန်အိုဆာကာမြို့သားပိုင်တဲ့ Mini Yangon Limited (MYL) စက်ရုံ၊ ဂျာမန်နည်းပညာနှင့် ထိုင်းနိုင်ငံသားပိုင်တဲ့ Ekarat Transformer ကုမ္ပဏီ၊ ရုရှားနိုင်ငံသားပိုင်တဲ့ Vitoritous Glory သတ္တုတူးဖော်ရေးလုပ်ငန်း၊ ပြည်တွင်းလုပ်ငန်းရှင်ပိုင် J (1)၊ ချင်းတွင်းမြစ်ကြောင်း စီမံကိန်းတို့မှာ အလုပ်လုပ်ခဲ့ဖူးပါတယ်။

နိုင်ငံရဲ့ အလုပ်သမား ဥပဒေတွေကြောင့် နိုင်ငံသား အတတ်ပညာရှင်ရော ပညာရှင် မဟုတ်တဲ့ အလုပ်သမားတွေရော ဥပဒေရဲ့ အကာအကွယ်ပေးမှုကို ရာနှုန်းပြည့် မရခဲ့ကြပါ။ ပြည်တွင်း ပြည်ပ အလုပ်သမားရေးရာကော်မတီရဲ့ ဆောင်ရွက်ချက်များဟာ အစီအရင်ခံစာပါ ခေါင်းစဉ်များ အလိုက် ရရှိတဲ့အချိန်ကာလ ဒေသအလျောက် အမြင့်မားဆုံး စွမ်းဆောင်နိုင်ကြတယ်လို့ ကျွန်တော်မှ သုံးသပ်လိုပါတယ်။

ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များဟာ မူလတာဝန်များကို မလစ်ဟင်းစေဘဲ အလုပ်သမားရေးရာပြဿနာများ အလုပ်ရှင်တို့၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးနိုင်ရေးအတွက် စက်မှုဇုန်များရှိ စက်ရုံများသို့လည်းကောင်း၊ အလုပ်သမား သမဂ္ဂသို့လည်းကောင်း သွားရောက်ကွင်းဆင်းရခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ မူဝါဒပိုင်းနဲ့ ပတ်သက်လျှင် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားဦးစီးဌာနများနှင့် ညှိနှိုင်းပြီးတော့ အခက်အခဲဖြစ်နေတဲ့ အလုပ်သမားတို့ကို တွေ့ဆုံဖြေရှင်းပေးရခြင်းများလဲ ဆောင်ရွက်ခဲ့ရပါတယ်။ ဝန်ကြီးဌာနများနဲ့ တွေ့ဆုံခြင်း(၆)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း (၈)ကြိမ်၊ နိုင်ငံတကာပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း (၅)ကြိမ်၊ သတင်းမီဒီယာ DVB နဲ့ တွေ့ဆုံမေးမြန်းခြင်း(၁)ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ခြင်း(၄)ကြိမ် ထမ်းဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ စက်မှုဇုန်များနှင့် စက်ရုံတော်တော်များများမှာ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှု ဆက်တိုက်ဆိုသလို ဖြစ်နေသောကြောင့် အလုပ်သမားရေးရာကော်မတီအနေနှင့် ၂၀၁၂ ခုနှစ်၊ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေမူကြမ်းကို လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ တင်ပြထားပါတယ်။ အဆိုပါ ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှသာ လက်တွေ့အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်မယ်လို့ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အဓိကအကြံပြု တိုက်တွန်းလိုသည်မှာ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီမှ တင်ပြထားသော ၂၀၁၂ ခုနှစ်၊ အလုပ်သမား အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို အဖြစ်နိုင်ဆုံးနည်းလမ်းဖြင့် အတည်ပြုပေးပါရန် တောင်းဆိုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၁။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းလို့ မင်္ဂလာပါ လို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုဆွေးနွေးမှာကတော့ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ လုပ်ငန်းအစီရင်ခံစာနှင့် ပတ်သက်ပြီးတော့ အပြုသဘောဆောင် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဟာ နိုင်ငံတော်အတွက် အရေးပါလှတဲ့ အခြေခံလူတန်းစားများဖြစ်တဲ့ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့အတွက် အမျိုးသားလွှတ်တော်ကနေ ဖွဲ့စည်းပေးလိုက်ခြင်း

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကော်မတီရဲ့ ကြိုးစားအားထုတ်မှု ရှိရင်ရှိသလောက်၊ အခြေခံ အလုပ်သမားတွေအတွက် ဥပဒေနှင့်အညီ မားမားမတ်မတ် ရပ်တည်ပေးနိုင်မှု ရှိရင်ရှိသလောက်၊ အခြေခံအလုပ်သမားတွေအတွက် အကျိုးရရှိမှာ ဖြစ်ပါတယ်။ ဒီ အစီအရင်ခံစာမှာ ကျွန်တော်တို့ ကော်မတီရဲ့ လုပ်ဆောင်ချက်များအနေနဲ့ တွေ့ရှိရတာက အလုပ်ရှင်အလုပ်သမား အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ တွေ့ဆုံခြင်း၊ ပြည်တွင်းအဖွဲ့အစည်းများနဲ့ တွေ့ဆုံခြင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ ဒီဗွီဘီ ရုပ်သံများနှင့် တွေ့ဆုံခြင်း၊ တိုင်ကြားစာများနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးခြင်း၊ အခြားဆောင်ရွက်ခြင်းများနှင့် ကွင်းဆင်းဆောင်ရွက်ခြင်းများကို အစီအရင်ခံစာမှာ တွေ့ရှိရတာကို များစွာဂုဏ်ယူမိပါတယ်။

ကျွန်တော့်အနေနဲ့ အကြံပြုချက်(၂)ချက်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အလုပ်သမား ဆိုတဲ့နေရာမှာ ကျွန်တော်တို့ စက်ရုံ၊ အလုပ်ရုံတွေမှာလုပ်တဲ့ အလုပ်သမားတွေတင် မဟုတ်ဘဲနဲ့ ဒီ ဈေးဆိုင်တွေ အိမ်တွေမှာလုပ်တဲ့ ကျွန်တော်တို့ ဒီ Manual တွေနဲ့ ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးသွား မှာ ဖြစ်ပါတယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့ အနိမ့်ဆုံးလုပ်ခ မရရှိဘဲ အခိုင်းခံနေရတဲ့ အလုပ်သမား တွေဖြစ်တဲ့ အမျိုးသမီးနှင့် ကလေးသူငယ်တွေဟာ ဈေးဆိုင်တွေ အိမ်တွေမှာ ဆိုင်အကူ၊ အိမ်အကူ လုပ်နေရတာ ရှိပါတယ်။ ဒီလိုလုပ်နေရတဲ့ အိမ်အကူ၊ ဆိုင်အကူတွေဟာ နိုင်ငံတော်က သတ်မှတ်ထားတဲ့ အနိမ့်ဆုံးလုပ်အားခ မပေးဘဲနဲ့ လုပ်နေရတာတွေ အများကြီးရှိပါတယ်။ သူတို့ခများမှာ အိမ်ရှင်၊ ဆိုင်ရှင် တွေပေးတဲ့ လုပ်အားခနှင့် မလုပ်ချင်ဘဲ လုပ်နေရတာဟာ အလုပ်အကိုင်မရှိတဲ့အတွက် လုပ်နေရ ခြင်းဖြစ်တယ်။ ဒီလိုလုပ်နေသူတွေကလည်း တစ်နေ့ကို (၂၀၀၀)(၂၅၀၀) လောက်နဲ့ပဲ လုပ်နေရတဲ့ အပြင်ကို အချိန်ပို လုပ်အားခ မရရှိပဲ အချိန်ကို အဆမတန်လုပ်နေရတဲ့ အမျိုးသမီးအလုပ်သမားတွေ၊ ကလေးသူငယ် အလုပ်သမားတွေ များစွာ ရှိနေပါတယ်။ နောက်ပြီးတော့ အချိန်လွန်မှ ထမင်းပေး စားတာ တွေ၊ ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ အလုပ်တွေကို ခိုင်းစေတာတွေ၊ နောက်ပြီးတော့ လက်ရောက် ကျူးလွန်မှုတွေ ရှိနေခြင်းဟာ ဒီအလုပ်သမားတွေအတွက် ကာကွယ်ပေးထားတဲ့ ဥပဒေတွေကို ဒီအိမ်ရှင်၊ ဆိုင်ရှင်တွေက နေပြီးတော့ လုပ်ငန်းရှင်တွေကနေ ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေ တာ၊ ချိုးဖောက်နေတဲ့အတွက် ဒီအလုပ်သမားတွေဟာ အားကိုးရာမဲ့ ဖြစ်နေပါတယ်။

ဒါတွေကို ဒီ နောက်တစ်ခုက ကလေးသူငယ် အလုပ်သမားတွေဆိုရင်လည်း ကလေးသူငယ် အခွင့်အရေးတွေ ချိုးဖောက်ခံရတာတွေ နောက်ပြီးတော့ နိုင်ထက်စီးနင်း ညှင်းပန်းနှိပ်စက်ခံရတာတွေ၊ မနိုင်ဝန်တွေကို လုပ်နေရတာတွေ မဖြစ်ရလေအောင် ဒီ ဆိုင်ရှင်၊ အိမ်ရှင်တွေကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ပေးနိုင်အောင် ကော်မတီအနေနှင့် အာဏာပိုင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းတွေနှင့် အရေးယူဆောင်ရွက်နိုင်ရန် တွန်းအားပေးခြင်းတို့ကို လုပ်ဆောင်နိုင် ရန်အတွက် ကျွန်တော် ပထမအနေနဲ့ အကြံပြုအပ်ပါတယ်။

နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့ ပြည်ပအလုပ်သမားများနှင့် ပတ်သက်ပြီးတော့ မြန်မာ နိုင်ငံကို ပြန်လည်ဝင်ရောက်လာတဲ့အခါမှာ လိုအပ်သည်များကို ကော်မတီတွေနဲ့ တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးခြင်း၊ နောက်ပြီးတော့ ကွင်းဆင်းလေ့လာခြင်း၊ ကွင်းဆင်းလေ့လာတဲ့နေရာမှာလည်း မြန်မာနိုင်ငံ တံခါးပေါက်မြို့တွေကို သွားရောက်ပြီးတော့ နယ်စပ်ဒေသတွေ သွားရောက်ပြီးတော့ စုံစမ်း

စစ်ဆေးမှုများကိုလည်း ပြုလုပ်သင့်ပါတယ်။ နောက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် လူမှုကူညီမှုအဖွဲ့အစည်းများနဲ့လည်း သွားရောက်ချိတ်ဆက်ပေးပြီးတော့ ဒီ ပြည်တော်ပြန် ကျွန်တော်တို့ မြန်မာနိုင်ငံကို ပြန်လာတဲ့ အလုပ်သမားတွေကိုလည်း ကူညီမှုတွေကို ချိတ်ဆက်ပေးဖို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း လုပ်ဆောင်ပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် ထိုင်းနိုင်ငံဥပဒေအရ မြန်မာနိုင်ငံကို တရားမဝင်မြန်မာနိုင်ငံ အလုပ်သမားတွေ မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်တဲ့အခါမှာ တချို့နယ်စပ်တွေမှာ အလုပ်သမားမိသားစုနှင့် ကလေးသူငယ်တွေဟာ မိမိတို့ရပ်ရွာကို ပြန်မရောက်နိုင်ဘဲနှင့် နယ်စပ်တွေမှာ များစွာဒုက္ခရောက်နေတာ တွေ့ရှိရပါတယ်။ ဒီအခက်အခဲတွေကို ကော်မတီအနေနဲ့ တတ်နိုင်သလောက် ကူညီဖြေရှင်း ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုရင်းနဲ့ အားလုံးကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီရဲ့ အစီအရင်ခံစာအပေါ်ကို ကျွန်တော်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အစီအရင်ခံစာရဲ့ အစီအရင်ခံစာမှာ သူတို့ ကွင်းဆင်းဆောင်ရွက်မှုဆိုတဲ့အပိုင်း (၁)ပိုင်း ပါလာပါတယ်။ အဲဒီအပိုင်းမှာ (၁) စဉ့်ကိုင်မြို့နယ်၊ ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (၈)လကြာ အလုပ်သမား ဆန္ဒပြမှု ပြေလည်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ (၂) လှိုင်သာယာစက်မှုဇုန်က Good Morning စက်ရုံရဲ့ တစ်လကျော်ကြာ အငြင်းပွားမှု ညှိနှိုင်းပေးနိုင်ခဲ့ခြင်းစတဲ့ ကော်မတီရဲ့ ဆောင်ရွက်ချက်တွေကို မှတ်တမ်းလည်း တင်ပါတယ်။ ကျွန်တော်အသိအမှတ်လည်း ပြုပါတယ်။ အခြားဆောင်ရွက်ချက်တစ်ခုဖြစ်တဲ့ နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ နှင့်အညီ အလုပ်သမားရေးရာ အငြင်းပွားမှု၊ ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တို့နှင့် ညှိနှိုင်းဆွေးနွေးပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ထံ တင်ပြထားတာကိုလည်း ဥပဒေကြမ်းကို လွှတ်တော်မှာ ဆွေးနွေးနေတာ ဆက်လက်ကြိုးပမ်းကြပါ လို့ ကော်မတီကို တိုက်တွန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီတွေနဲ့ ဝန်ကြီးဌာနတွေနှင့် အလုပ်သမားအဖွဲ့အစည်းများနဲ့သာ တွေ့ဆုံပြီးတော့ တိုင်ကြားလာတဲ့နေရာတွေကို သွားရောက်ဖြေရှင်းနေတာကိုသာ တွေ့ရပါတယ်။ တကယ်တော့ လူတိုင်းဟာ ကာယ၊ ဉာဏ အလုပ်သမားတွေချည်းပါပဲ။ တစ်နိုင်ငံနှင့်အဝန်း အားလုံးဟာ အလုပ်သမားတွေချည်းပါ။ ဒီထဲမှာ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ စက်မှုဇုန်ဆိုပြီးတော့ အာဏာဖြစ် မြို့ထဲမှာရှိတဲ့ အိမ်တွင်းစက်မှုလုပ်ငန်းပါမကျန် ကျွန်တော်တို့တိုင်းဒေသကြီး ပခုက္ကူ ရေနံချောင်းစတဲ့ မြို့တွေမှာ စက်မှုဇုန်တွေ လုပ်ခဲ့ရပါတယ်။ ဒီနေရာမှာ ကြီးကြပ်မှု ဒီနေ့အချိန်မှာဆိုလို့ရှိရင် စက်မှုဇုန် တွေဟာ ကြီးကြပ်မှုလျော့နည်းလာတယ်။ ကစဥ့်ကလျားဖြစ်လာတယ်။ လျှပ်စစ်မီးကမနိုင်။ အလုပ်က မဖြစ်။ တချို့မြို့ထဲ ပြန်ဝင်တယ်။ လုပ်စားမြေတွေကို စက်မှုဇုန်တည်ဆောက်မယ်ဆိုပြီး ယူထားတာ ကလည်း တစ်နင့်တပိုးပါ။ ပခုက္ကူဆို လွန်ခဲ့တဲ့ရက်ပိုင်းက ဆန္ဒပြမှုတွေ ဖြစ်ပါတယ်။ ဒါတွေဟာ ကော်မတီတွေနဲ့ ဆိုင်တဲ့ကိစ္စတွေပါ။

အစိုးရဌာနတွေမှာဆိုရင်လည်း အရာထမ်း၊ အမှုထမ်း အလုပ်သမားတွေဟာ ဖွဲ့စည်းပုံ အပြည့်မရှိဘဲ ပညာရေးဝန်ထမ်းမှ မကျန်ပေ့ါ။ ရှိတဲ့သူတွေလည်း ဝိုင်းဝန်းပြီး ကျွန်တော်တို့ ဌာနဆိုင်ရာ တွေမှာ လုပ်ဆောင်နေကြရပါတယ်။ ဒီလိုလုပ်ဆောင်နေကြရာမှာ မနိုင်မနင်းတာတွေ၊ သူတို့ရဲ့ စိတ်ထဲမှာ ခံစားချက်တွေကြောင့် ဒီနေ့ဝန်ထမ်းတွေထဲမှာ ဖဲကြိုးလှုပ်ရှားမှုတွေ ဖြစ်လာပါတယ်။ ဒီ ဖဲကြိုးလှုပ်ရှားမှုတွေဟာလည်း ကာယ၊ ဉာဏ လူတို့ရဲ့ ဒီနေ့ကြုံတွေ့နေရတဲ့ အခြေအနေကြောင့် ဖြစ်ရ တာပါ။ ဒါတွေကိုလည်း ကျွန်တော်တို့ဟာ ကော်မတီရဲ့ တာဝန်တွေပဲလို့ ကျွန်တော်သုံးသပ်ပါတယ်။ အလုပ်သမားထုထဲကို အောက်ခြေရောက်အောင် ဆင်းပြီးလေ့လာနိုင်မယ်ဆိုရင် ကော်မတီအနေနဲ့ လွှတ်တော်ကြီးကတစ်ဆင့် ဝန်ကြီးဌာနများကိုပါ အကြံဉာဏ်များ၊ သဘောထားများ၊ အတွေ့အကြုံများ ပေးသွားနိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော် ပြောရမယ်ဆိုရင် ဒီလို ပြည်သူလူထု အလုပ်သမားတွေ အောက်ခြေထဲအထိ သွားနိုင်ဖို့အတွက်ဆိုလို့ရှိရင် လွှတ်တော်အနေနဲ့က လုံခြုံရေးအတွက် အမျိုးသား ဆိုင်ရာ ဥပဒေရပိုင်ခွင့်နှင့် အခွင့်အရေးများ ပုဒ်မ ၁၂(စ) မှာလည်းကောင်း၊ သီးခုတ်စရိတ်နှင့် အခြား အသုံးစရိတ်များကို အမျိုးသားလွှတ်တော် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ပုဒ်မ ၆ နဲ့ ၈ တို့မှာ ပြဋ္ဌာန်း ပြီးသားဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ပြည်သူ့ရဲ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်၊ လွှတ်တော် ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါရန် ကျွန်တော် တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီအရင်ခံစာအပေါ်မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကို

လေ့လာတဲ့အချိန်မှာ ကျွန်တော်တို့ ဒီတွေ့ဆုံခြင်းများ ဆောင်ရွက်တဲ့အချိန်မှာ ဒီ အလုပ်ရှင် အလုပ်သမား အဖွဲ့အစည်းများတွေ့ဆုံခြင်း၊ ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တွေ့ဆုံခြင်း အစရှိသဖြင့်ပေါ့၊ ဒီ တွေ့ဆုံခြင်းများ ဆောင်ရွက်တာ တွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော် ပထမဆုံးအနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တွေ့ဆုံခြင်း ဆိုတဲ့ဟာကို အလေးပေးပြီးတော့ ဆွေးနွေးချင်ပါတယ်။ တွေ့ဆုံတဲ့အချိန်မှာ ဒီမှာ ဟို ၅(ဂ)မှာ တင်ပြတာကတော့ ရွှေ့ပြောင်းအလုပ်သမားကိစ္စများ၊ ပြည်ပသို့ အိမ်အကူများ တရားဝင်စေလွှတ်သင့်ခြင်းကိစ္စများ ဆိုပြီးတော့ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒါကို ကျွန်တော် ထောက်ခံဆွေးနွေးချင်ပါတယ်။ အဲဒီလို ထောက်ခံ မဆွေးနွေးခင်မှာ ကျွန်တော်တို့ ဒီ ဥပဒေပိုင်းဆိုင်ရာလေးကို ကျွန်တော် ပထမဆုံးတင်ပြချင်ပါတယ်။ ကျွန်တော်တို့ ကော်မတီက ကော်မတီဖွဲ့စည်းခြင်းနှင့် ဒီလုပ်ငန်းဆောင်ရွက်ခြင်းတွေကို ကျွန်တော်တို့ အခြေခံဥပဒေနှင့် ဥပဒေမှာ လေ့လာတဲ့အချိန်မှာ ဒီအခြေခံဥပဒေမှာတော့ ဒီလိုပြဋ္ဌာန်းထားပါတယ်။

လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်လို့ ရေးထားပါတယ်။ အဓိကကတော့ လေ့လာတင်ပြဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ ဒီလိုလေ့လာတင်ပြတဲ့ ဒီအမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှာလည်း ဒီအတိုင်းပဲ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ လေ့လာပြီးတော့ လွှတ်တော်မှာ တင်ပြတဲ့အချိန်မှာ ခုနက စောစောတုန်းက ဦးဖေချစ် လည်း ပြောပါတယ်။ ထိရောက်ဖို့ လိုပါတယ်။ ဒီလိုထိရောက်ဖို့ဆိုရင် ဘယ်လိုလုပ်ရမလဲဆိုရင် ကျွန်တော်တို့က လွှတ်တော်မှာ အဆိုတင်ဖို့ လိုပါတယ်။ ဒီ ကျွန်တော်တို့ ဒီအတိုင်းပဲ လေ့လာပြီးတော့ လေ့လာတွေ့ရှိချက်ကို တင်ပြပြီးတော့ ဒီအတိုင်းပဲ လေထဲမှာလွင့်သွားတယ်။ အဲဒီလိုမဖြစ်ဘဲနဲ့ ကျွန်တော်တို့ ကော်မတီတစ်ခုက လေ့လာတွေ့ဆုံပြီးတော့ လေ့လာတဲ့ဟာကို တကယ်ထိထိရောက်ရောက် ဖြစ်စေချင်တဲ့ဟာကို အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ဒီလိုအဆိုတင်သွင်းပြီးတော့ လွှတ်တော်မှာ ဒီကော်မတီရဲ့ လေ့လာချက်အပေါ်မှာ ကျွန်တော်တို့ အကျေအလည် ဆွေးနွေးပြီးတော့ အဆိုအတည်ဖြစ်လို့ရှိရင် အကောင်အထည်ဖော်ရမှာ ဖြစ်ပြီးတော့ ဒီလိုနဲ့ပဲ ကျွန်တော်တို့ ပြည်သူလူထုရဲ့ လိုအင်ဆန္ဒကို ထိထိရောက်ရောက် ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ ဒီလိုလုပ်ခြင်းအားဖြင့် အခြေခံဥပဒေ ပြဋ္ဌာန်းချက်၊ ဥပဒေပြဋ္ဌာန်းချက်၊ ကျွန်တော်တို့ တာဝန်ပေးချက်တွေကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အချိန်မှာ ထိရောက်မှုရှိမယ်ဆိုတာကို ပထမဆုံးအနေနဲ့ တင်ပြချင်ပါတယ်။

ပြီးတော့ ဒုတိယအချက်မှာ တင်ပြချင်တာကတော့ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပြည်ပအဖွဲ့အစည်းများ တွေ့ဆုံခြင်းဆိုတဲ့ကိစ္စနဲ့ ဥပမာပြောမယ်ဆိုရင် ကျွန်တော်တို့ အလုပ်သမားတွေ မလေးရှားသွားတဲ့အချိန်မှာ သံရုံးက တကယ့်တကယ် ဗီဇာကြေး အစိုးရက သတ်မှတ်ထားတာ (၆)ဒေါ်လာပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကုမ္ပဏီတွေက တစ်ဆင့်ပေါ့နော်။ ဒီ သူ့ရဲ့ System တစ်ခုကနေ ဒေါ်လာ(၅၀) ထပ်ပြီးတော့ ကောက်တဲ့စနစ်ကို ကျင့်သုံးပါတယ်။ ဒါမျိုးကို ကျွန်တော်တို့ နိုင်ငံမှာ ကျင့်သုံးတဲ့အချိန်မှာ ကျွန်တော်တို့ တခြားနိုင်ငံမှာလည်း ဒီလိုလုပ်တာရှိတယ်။ နီပေါနိုင်ငံလိုပေါ့နော်။ အဲဒီမှာ သူတို့က လွှတ်တော်က ဘယ်လိုလုပ်ပေးသလဲဆိုရင် ဒီအပိုလုပ်တဲ့ဟာကို

ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးခွင့်မရှိဘူး ဆိုပြီးတော့ လွှတ်တော်က လုပ်လိုက်တဲ့ အချိန်ကျတော့ ကျွန်တော်တို့ အလုပ်သမားတွေအတွက် သက်တောင့်သက်သာ အပိုမကုန်တော့ဘဲနဲ့ ဖြစ်သွားတာ တွေလည်း ရှိပါတယ်။ ဆိုတဲ့အချိန်ကျတော့ ဒါမျိုးကိစ္စတွေမှာလည်း ပြည်တွင်းပြည်ပ အဖွဲ့အစည်း တွေနှင့် တွေ့ဆုံပြီးတော့ ဆောင်ရွက်တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့ အလုပ်သမားတွေအတွက် ကျွန်တော်တို့ အလေးထားပြီးတော့၊ ကာကွယ်ပြီးတော့ ဆောင်ရွက်ပေးစေချင်ပါတယ်လို့ ကော်မတီကို တိုက်တွန်းချင်ပါတယ်။

ပြီးတော့ နောက်ဆုံးမှာ ကျွန်တော် တစ်ခုလေးပေါ့နော်။ အကြံပြုချင်တာကတော့ လွှတ်တော်ဆိုရင် လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ ဒီဆောင်ရွက်တဲ့အချိန်မှာ ဒီ ကျွန်တော်တို့ နိုင်ငံရေး ရှုထောင့်နဲ့ ဒီ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေဆိုပြီးတော့ (၂)မျိုးရှိပါတယ်။ အမှန်ဆိုရင် နိုင်ငံရေးရှုထောင့်က အရေးကြီးပါတယ်။ နိုင်ငံရေးရှုထောင့်ကို ဆောင်ရွက်ဖို့ရန်အတွက် ဥပဒေ၊ နည်းဥပဒေတွေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေ၊ နည်းဥပဒေကိုပဲ တစ်ချိန်လုံး အလေးထားတာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ ဖြစ်စေချင်တဲ့ ကိစ္စရပ်ပေါ့နော်။ ဒီနိုင်ငံရေးသီအိုရီတွေပေါ့။ ပြောမယ်ဆိုရင် ဒီနိုင်ငံရေးရှုထောင့်တွေကိုလည်း ကျွန်တော်တို့ လေ့လာပြီးတော့ အလေးထားပြီးတော့ ဒီကိစ္စတွေကို အလေးထားဖို့ကိုပေါ့နော် တိုက်တွန်းချင်ပါတယ်။ နောက်ဆုံးအနေနဲ့ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံ စာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှေ့က ကျွန်တော်တို့ အမျိုးသား လွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာပေါ်မှာ ဆွေးနွေးပေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီး(၄)ဦးလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

အဲဒီမှာ ကော်မတီရဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့နေရာမှာ လိုအပ်တာလေးတွေကို အကြံပြုဆွေးနွေးသွားတဲ့အတွက် ကျွန်တော်တို့ကော်မတီရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များမှာ မဖြစ်မနေ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေအဖြစ် မှတ်ယူပါတယ်။ ကိုယ်စားလှယ်ကြီးများ ဆွေးနွေးအကြံပြုထားတဲ့အထဲမှာ အဓိက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ဦးဖေချစ်၊ မကွေးတိုင်းဒေသကြီးက ဦးခင်ဝင်း တို့ အကြံပြုသွားသလို ကျွန်တော်တို့ ၂၀၁၂ ခုနှစ်၊ အငြင်းပွားဖြေရှင်းရေးဥပဒေကို အသစ်ပြင်ဆင်ဖြည့်စွက်ရမယ့် ဥပဒေကြမ်းကို ကျွန်တော်တို့ ကော်မတီက ဆောင်ရွက်ထားတာတွေ ရှိပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ ဦးခင်ဝင်း ဆွေးနွေးသွားသလို အလုပ်သမားဝန်ကြီးဌာနနှင့် ဥပဒေကြမ်းကော်မတီ နှစ်ခုတည်းနဲ့ ဆွေးနွေးထားတာ မဟုတ်ပါဘူး။ ဒီမှာ အသိပေးချင်တာကတော့ အလုပ်သမားဝန်ကြီးဌာနရယ်၊ ဥပဒေကြမ်းကော်မတီရယ်၊ ရှေ့နေချုပ်ရုံးက ပညာရှင်တွေရယ်၊ နောက်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်၊ အလုပ်သမားသမဂ္ဂများ၊ အလုပ်ရှင်အဖွဲ့အစည်းများစတဲ့ ပုဂ္ဂိုလ်များအပြင်ကို ကျွန်တော်တို့ ILO က ဥပဒေကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ အကြိမ်ကြိမ်လုပ်ပြီးမှ ၂၀၁၂ ခုနှစ်၊ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေရဲ့ ဒုတိယအကြိမ် ပြင်ဆင်ချက်ဥပဒေကြမ်းကို ကျွန်တော် တင်သွင်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျင့်သုံးနေတဲ့ ကျွန်တော်တို့ အငြင်းပွားမှုဖြေရှင်းရေးဥပဒေဟာ အငြင်းပွားမှုဖြစ်စဉ်အများစုမှာ နစ်နာသူအလုပ်သမားများအတွက် လုံလောက်တဲ့ အကာအကွယ်ကို မရပါဘူး။ ခုံသမာဓိအဖွဲ့၊ ခုံကောင်စီ စတဲ့အဖွဲ့တွေရဲ့ မလိုက်နာမှုတွေအတွက် သတ်မှတ်ထားတဲ့ ပြစ်ဒဏ်တွေဟာ အားနည်းလွန်းတဲ့အတွက် ဥပဒေကို အလွယ်တကူ ချိုးဖောက်နေတာတွေ ရှိပါတယ်။ ဒါကြောင့် ဥပဒေကို လိုက်နာအောင် ပြစ်မှုနှင့် ပြစ်ဒဏ်တိုးမြှင့်ခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ဆောင်ရွက်နိုင်စေရန် လုပ်ငန်းစဉ်နဲ့ ယန္တရားကို ဖြည့်စွက်ပြောင်းလဲမှုတွေ အကြံပြုထားတာ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှ များစွာသော Agenda တွေထဲမှာ သင့်တော်တဲ့အချိန်မှာ ဒီဥပဒေကြမ်းကို တင်သွင်းဆွေးနွေးခွင့်ပြုပါလို့ မေတ္တာရပ်ခံရင်း ကျွန်တော်တို့ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူ လက်ခံပေးပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၉)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၉။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အနည်းငယ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီအစီရင်ခံစာကို မဆွေးနွေးခင်မှာ အစီရင်ခံစာနဲ့ ပတ်သက်တဲ့ အချိန်ကာလသတ်မှတ်ချက်လေးကို ကျွန်တော် တင်ပြလိုပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ ယခု ပဉ္စမပုံမှန်အစည်းအဝေးသည် ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့ကနေ ကနေ့ကာလအထိ ဖြစ်ပါတယ်။ ဒါမတိုင်ခင်က စတုတ္ထအကြိမ် အစည်းအဝေးဟာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်ကနေပြီးတော့ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့အထိ ဖြစ်ပါတယ်။ ဒီမတ်လ ၁၇ ကနေ မေလ ၁၈ ရက်နေ့အထိကာလကတော့ ကျွန်တော်တို့ လွှတ်တော် နားရက်ကာလ ဖြစ်ပါတယ်။ ဒီတော့ ဒီအစီရင်ခံစာသည် ပဉ္စမအကြိမ် အစည်းအဝေးကာလအတွင်းလို့ ပြောထားတဲ့အတွက် ကျွန်တော့်အနေနှင့် ၁၈-၅-၂၀၁၇ ကနေပြီးတော့ ကနေ့ထိကာလမှာ သက်ဆိုင်ရာ ကော်မတီရဲ့ လုပ်ဆောင်ချက်တွေကို တင်ပြအစီရင်ခံထားတယ်လို့ ယူဆပါတယ်။

အဲဒီတော့ ကျွန်တော်ဆွေးနွေးချင်တာကတော့ ဒီအစီရင်ခံစာကို ဖတ်ကြည့်လိုက်တဲ့အခါမှာ ထုံးစံအတိုင်း နိဒါန်း၊ ဖွဲ့စည်းတာဝန်ပေးခြင်း၊ ဆောင်ရွက်ချက်များ၊ လေ့လာတွေ့ရှိချက်၊ အကြံပြုချက်နှင့် နိဂုံးဆိုပြီး (၆)ပိုင်းပါတာ တွေ့ရှိရပါတယ်။ နိဒါန်းနဲ့ ဖွဲ့စည်းတာဝန်ပေးခြင်းကတော့ အထူးဆွေးနွေးစရာမရှိပါဘူး။ အဲဒီတော့ ဆောင်ရွက်ချက်တွေကို ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ကော်မတီအနေနဲ့ အစည်းအဝေးများကို (၁၀)ကြိမ်ကျင်းပတာ တွေ့ရပါတယ်။ ဒီ(၁၀)ကြိမ် ကျင်းပတာမှာလည်း ၂၀၁၇

ခုနှစ်၊ မတ်လက (၃)ကြိမ်ပါနေတဲ့အတွက် စောစောကပြောသလို ကာလနဲ့တွက်ရင် (၇)ကြိမ်ပဲ သက်ဆိုင်တာကို တွေ့ရပါတယ်။

ဒုတိယသက်ဆိုင်တဲ့ အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်းမှာလည်းပဲ ထူးခြားမှုမရှိတဲ့အတွက် မဆွေးနွေးပါဘူး။ နောက် အခမ်းအနားများ တက်ရောက်ခြင်းမှာ (၃၁)ကြိမ်တောင်မှ တင်ပြထားပါတယ်။ ဒါလည်းပဲ မတ်လထဲနဲ့ မေလ ၁၈ ရက်အတွင်းသည် (၇)ကြိမ်ပါနေတဲ့အတွက် တကယ်တမ်းကျတော့ (၃၁)ကြိမ်မှာ (၂၄)ကြိမ်လောက်ပဲ အကျုံးဝင်တာကို တွေ့ရပါတယ်။ ပြည်ပခရီးသွားခြင်းအစီရင်ခံထားရာမှာ အဲဒါလည်း (၃)ဦး (၃)ကြိမ် လွှတ်ထားတာကို တွေ့ရပါတယ်။ ၁၀-၂-၂၀၁၇ က ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်ကို အာဆီယံဒေသတွင်း ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် စပ်လျဉ်းတဲ့ အစည်းအဝေးကို (၁)ဦးလွှတ်ပါတယ်။ တစ်ခါ မတ်လ ၁၁ ရက်ကနေ ၁၆ ရက်နေ့အထိ ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့ အမျိုးသမီးများရဲ့ လွှတ်တော်ကိုယ်စားလှယ်များညီလာခံကို တက်ရောက်ဖို့ (၁)ဦး သွားပါတယ်။ မေလ ၁၀ ရက်နေ့မှာ ဗီယက်နမ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းတဲ့ အာရှပစိဖိတ်ဆိုင်ရာ ဆွေးနွေးပွဲကို (၁)ဦးလွှတ်ပါတယ်။ အဲဒီမှာ ဒီလိုသွားရပါတယ်၊ လွှတ်ရပါတယ်ဆိုပြီးတော့ အတိုချုပ်လေးပဲ ရေးထားတာ ကျွန်တော်တို့အနေနဲ့ ဒါ ဘဝင်ကျနည်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စောစောက ကိုယ်စားလှယ်(၁)ဦး တင်ပြသွားသလို ကျွန်တော်တို့ကော်မတီတွေဟာ လွှတ်တော်အငယ်စားလေးတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ဆိုရင် ကျန်းမာရေးကော်မတီမှာ ပါနေတယ်။ ပညာရေးကော်မတီရဲ့ လုပ်ဆောင်ချက်တွေကို ဒီလိုအစီရင်ခံစာ တင်ပြမှပဲ သိရတာ ဖြစ်ပါတယ်။ အနည်းဆုံးဖြစ်တော့ ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ ဒီလိုသွားရာမှာ အာဆီယံဒေသတွင်း ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် စပ်လျဉ်းတဲ့ အစည်းအဝေးကို တက်တယ်ဆိုတော့ အာဆီယံဒေသတွင်း နိုင်ငံသည် ပညာရေးပြုပြင်ပြောင်းလဲနေတာတွေ ဘာတွေလုပ်သလဲ၊ မိမိနိုင်ငံကလည်း ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဘာတွေလုပ်ထားသလဲဆိုတာတွေကို အနည်းငယ်တော့ တင်ပြသင့်ပါတယ်။

ဥပမာ မြန်မာနိုင်ငံမှာ ဆိုလို့ရှိရင် စုစုပေါင်း အသုံးစရိတ်ရဲ့ (၆.၇၉)ရာခိုင်နှုန်း၊ ဒါ ၂၀၁၆ က သုံးထားတဲ့ ပညာရေးမှာ၊ အခု ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာဆိုရင် (၈.၅၃)ရာနှုန်းတိုးထားတယ်။ အလားတူ ကမ္ဘောဒီးယားနိုင်ငံက (၉.၉၁)၊ အင်ဒိုနီးရှား(၁၇.၆) စသည်ဖြင့် ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ အာဆီယံ(၁၀)နိုင်ငံရဲ့ ပညာရေးအသုံးစရိတ်လေးတွေတော့ တင်ပြပေးသင့်ပါတယ်။ ထိုနည်းလည်းကောင်းပဲ ကျွန်တော်တို့ဟာ ကျောင်းသားဗဟိုပြုပညာရေးကို ကျင့်သုံးနေတဲ့ အချိန်မို့လို့ ဆရာနဲ့ကျောင်းသား၊ ကျောင်းသားဦးရေနဲ့ဆရာ အချိုးများကိုလည်းပဲ သိထားသင့်ပါတယ်။ ဥပမာ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် မူလတန်းမှာ (၂၈း၁)ရှိတယ်၊ သူတို့သွားတဲ့ ကမ္ဘောဒီးယားနိုင်ငံမှာ (၄၅း၁)ရှိတယ်။ အလယ်တန်းမှာ မြန်မာနိုင်ငံမှာ (၃၆)၊ ကျောင်းသား(၃၆)မှာ ဆရာ(၁)ယောက်ရှိတယ်။ ကမ္ဘောဒီးယားဆိုလို့ရှိရင် ကျောင်းသား(၂၀)မှာ ဆရာ(၁)ယောက်ရှိတယ်။ ဒီတော့ မူလတန်းမှာ ကမ္ဘောဒီးယားက ကျောင်းသားအချိုး ဆရာအများဆုံးဖြစ်ပြီး အလယ်တန်းမှာ မြန်မာနိုင်ငံက အများဆုံးဖြစ်ပါတယ်။ တကယ်တမ်း ကျောင်းသားဗဟိုပြု သင်ကြားရေးလုပ်မယ်ဆိုရင် ဒါက အချိုးနည်းနိုင်လေ ကောင်းလေပါ။ ဘရူနိုင်း

နိုင်ငံမှာဆိုရင် (၁၀း၁) ပဲရှိတော့ သင်ကြားရေးမှာ အတော်ထိရောက်တယ်လို့ ယူဆနိုင်ပါတယ်။ ဒါက နမူနာအဖြစ်နဲ့ တင်ပြပေးသင့်တဲ့အကြောင်း ကျွန်တော် ဆွေးနွေးခြင်း ဖြစ်ပါတယ်။

နောက်ထပ် လေ့လာတွေ့ရှိချက်မှာလည်းပဲ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနှင့် တွေ့ဆုံပြီးတော့ လက်ရှိကျင့်သုံးနေတဲ့ သင်ရိုးညွှန်းတမ်းအသစ်ကျင့်သုံးနေတဲ့ဟာတွေကို ကျွန်တော်တို့ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁ မှာပါတဲ့ နည်းလမ်း(၅)သွယ်ထဲက တတိယ နည်းလမ်းကို သုံးထားတယ်ဆိုတာ တင်ပြထားတာ တွေ့ရပါတယ်။ KG တန်းကို ၂၀၁၆-၂၀၁၇ ကနေ စပြီးတော့ သင်ရိုးသစ်နဲ့ စနေတယ်။ ၂၀၁၇-၂၀၁၈ ကို Grade 1 ၊ ၂၀၁၈-၂၀၁၉ မှာ Grade 2 ၊ ၂၀၁၉-၂၀၂၀ မှာ Grade 3 နဲ့ Grade 6 ကို သင်မယ်လို့ ပါ ပါတယ်။ ထိုနည်းလည်းကောင်းပဲ ၂၀၂၀-၂၀၂၁ မှာ Grade 4,7,10 ၂၀၂၁-၂၀၂၂ မှာ Grade 5,8,11၊ ၂၀၂၂-၂၀၂၃ မှာ Grade 9,12 ကိုအသစ် သင်မယ်လို့ပြောပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကော်မတီအနေနဲ့ နောက်ဆုံးပိတ် နိဂုံးချုပ် တင်ပြချင်တာကတော့ ကျွန်တော်တို့ တကယ့်ကို ပညာရေးမြှင့်တင်မှုကော်မတီသည် ပညာရေးဆိုင်ရာများကို မြှင့်တင်အောင် ဆောင်ရွက်ပေးနိုင်ပါစေလို့ ဆုတောင်းရင်းနှင့် ကျွန်တော် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၅။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ မင်္ဂလာပါ။ ဥက္ကဋ္ဌကြီး ရှင်။ ကျွန်မအနေနဲ့ ဇူလိုင်လ ၂၈ ရက်နေ့မှာ ဖတ်ကြားတင်သွင်းသွားတဲ့ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ်မှာ အချက်(၇)ချက်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဆုံးအချက်ကတော့ ဒီ Report ရဲ့ Format ဖြစ်ပါတယ်။ အဲဒီ Report နှင့် Format နောက်ဆုံးမှာ တွေ့ရှိချက်၊ သုံးသပ်ချက်တွေ ဖော်ပြထားပါတယ်။ ကျွန်မအနေနဲ့ အကြံပြုချင်တာကတော့ တွေ့ရှိချက်နဲ့ သုံးသပ်ချက်တွေဟာ အကြောင်းအရာတူနေရမှာ ဖြစ်ပါတယ်။ ဘာတွေတွေ့ရှိတယ်၊ အဲဒီအပေါ်မှာ ဘယ်လိုသုံးသပ်လဲ၊ နောက်ပြီးတော့ ထပ်မံပြီးတော့ အဲဒီအပေါ်မှာ ဘယ်လိုအကြံပြုတယ် ဆိုတဲ့ ဆက်စပ်မှုရှိနေရမှာ ဖြစ်ပါတယ်။ အဲဒီလေ့လာတွေ့ရှိချက်မှာ (၅)ချက် ရှိပြီးတော့ အဲဒီ ကိုက်ညီတဲ့ သုံးသပ်ချက်တွေ၊ အကြံပြုချက်တွေကို အဲဒီအစီရင်ခံစာမှာ မတွေ့ရပါဘူး။

နံပါတ်(၂)အချက်ကတော့ ကျွန်မတို့ ပညာရေးကောလိပ်မှာ မသန်စွမ်းတဲ့သူတွေကို ကျောင်းတက်ခွင့်မပြုတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်မတို့ Facebook မှာလည်း ပညာရေးကောလိပ် ကနေပြီးတော့ မသန်စွမ်းတဲ့သူတွေကို တက်ခွင့်မပြုတဲ့ သတင်းဟာ အင်မတန်မှ ပျံ့နှံ့ပြီးတော့ ပြည်သူလူထုကလည်း အင်မတန်မှ ဝေဖန်နေတဲ့အချက် ဖြစ်ပါတယ်။ လက်တွေ့အနေနဲ့ မျိုးစန္ဒာကျော် ဆိုတဲ့ ကျောင်းသူလေးတစ်ဦးဟာ (၁၀)တန်းအောင်လက်မှတ်ကို အမှတ်(၄၀၀)ကျော်ပြီးတော့ ဓာတုဗေဒ ဂုဏ်ထူး ရရှိပါတယ်။ ပညာရေးကောလိပ်ကို လျှောက်ခဲ့ပေမယ့်လည်း ဝင်ခွင့်မရခဲ့ပါဘူး။ ထူးချွန်စွာ

စာမေးပွဲလည်း အောင်မြင်ခဲ့ပြီးပြီ။ ပညာရေးဝန်ထမ်းလည်း ဖြစ်ချင်တဲ့ ဆန္ဒရှိတယ်။ သို့သော်လည်း ပညာရေးကောလိပ်က လက်မခံခဲ့ပါဘူး။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အခန်း(၉) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ် အမှတ်(၃)မှာ ဆရာဖြည့်ဆည်း ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် နေရာချထားခြင်းဆိုင်ရာ အခန်းမှာ သာတူညီမျှ ဆောင်ရွက်သော စနစ် ဖြစ်ရမယ်လို့ ဖော်ပြထားပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပင်လျှင် မသန်စွမ်း ထူးချွန်သူများကို ဂုဏ်ပြုနေတဲ့အချိန်မှာ ပညာရေးဌာနက မသန်စွမ်းတဲ့လူတွေကို အခွင့်အရေးပေးဖို့အတွက် ကော်မတီ က ထိန်းကျောင်းပေးသင့်ကြောင်း အကြံပြုလိုပါတယ်။

နောက်တစ်ချက်ကတော့ ဆေးတက္ကသိုလ်တက်ရောက်တဲ့အခါမှာလည်း အမျိုးသမီးများရဲ့ တက္ကသိုလ်ဝင်ခွင့်အမှတ်ကို မြှင့်ထားတာဟာဆိုလို့ရှိရင် ကျား/မ တန်းတူညီမျှမှုကို စိန်ခေါ်နေပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂမှာလည်း CEDAW Report အတွက် အမြဲဖြေရှင်းနေရတဲ့ ပြဿနာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအချက်ကို ကော်မတီက လေ့လာသုံးသပ်ပြီးတော့ ပညာရေးဝန်ကြီးကိုလည်း မေးခွန်း မေးသင့်ပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အခန်း(၁၂)မှာ အဆင့်မြင့် ပညာရေးမဟာဗျူဟာ(၃)မှာ အဆင့်မြင့်ပညာသင်ယူခွင့် သာတူညီမျှရှိရမည်ဆိုသည့် ဖော်ပြချက်နှင့် လည်း ကိုက်ညီမှုမရှိပါဘူး။

နောက်တစ်ချက်ကတော့ သက်ငယ်မုဒိမ်းအမှုတွေ ဖြစ်ပါတယ်။ အများစုဟာဆိုလို့ရှိရင် သားကောင်တွေဟာ ကျောင်းနေအရွယ်ကလေးငယ်တွေ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပညာရေး ကော်မတီအနေနဲ့ တစ်စုံတစ်ရာ ကူညီဆောင်ရွက်မှုတွေ ကျူးလွန်တဲ့အမှုတွေကို လျော့ကျအောင် ပညာပေး အစီအစဉ်တွေ လုပ်ထားတာကိုလည်း ဒီမှာ မတွေ့ရပါဘူး။ နောက်ပြီးတော့ အခုအချိန်မှာ ဆို့လို့ရှိရင် မြန်မာနိုင်ငံမှာ အပစ်အခတ်ရပ်စဲပြီးတော့ ငြိမ်းချမ်းရေးကို တည်ဆောက်နေတဲ့ ဖယ်ဒရယ် ဒီမိုကရေစီနိုင်ငံကို ဦးတည်နေပါတယ်။ ကော်မတီအနေနဲ့ ဖယ်ဒရယ်ပညာရေးကိစ္စတွေ၊ မိခင်ဘာသာ စကားနဲ့ ပညာသင်ကြားမှု (Mother Term Education) တွေကို ဘယ်လိုသွားသင့်တယ် ဆိုတာကို လေ့လာသုံးသပ် စာတမ်းတိုတွေ ပြုစုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို အသိပညာ ဖြန့်ဝေပေးပါလို့လည်း တိုက်တွန်းလိုပါတယ်။

နောက်ပြီးတော့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် Formal Education အပြင်ကို Non-Formal Education ကိစ္စတွေ၊ ဘ.ကကျောင်းဆိုတဲ့ ကဏ္ဍတွေ၊ ဘော်ဒါဆောင်ကိစ္စ၊ ကျူရှင်ကိစ္စတွေမှာ ဥပဒေနှင့်အညီ ဆောင်ရွက်ဖို့ လိုအပ်ချက်တွေ၊ အခက်အခဲတွေလည်း များစွာရှိပါတယ်။ ကော်မတီ အနေနဲ့ လေ့လာသုံးသပ်အကြံပြုသင့်ပါတယ်။ ပညာရေးလောကမှာလည်း အကျင့်ပျက်ခြစားမှုတွေ၊ ကြိုးနီစနစ်တွေ ရှိနေဆဲဆိုတာလည်း သတင်းတွေမှာ တွေ့နေရပါတယ်။ ကော်မတီအနေနဲ့ ဒီဟာတွေကို မှန်ကန်မှု ရှိ/မရှိ လေ့လာသုံးသပ်ပြီးတော့ ပညာရေးဝန်ကြီးဌာနကို ထိန်းကျောင်းသင့်ပါတယ်။ ပညာရေး ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုမှာ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေတဲ့ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အား အကောင်အထည်ဖော်မှုအား မည်ကဲ့သို့ စောင့်ကြည့် ထိန်းကျောင်းတယ်ဆိုတာကိုလည်း မတွေ့ရပါဘူး။ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၂ ပညာခြေပြု စီးပွားအညွှန်းကိန်း Knowledge Base Economic Index(KEIE)က မြန်မာနိုင်ငံရဲ့ ပညာရေးဟာ ကမ္ဘာ့အဆင့် (၁၄၅)

ကို ရောက်ရှိနေတဲ့အတွက်ကြောင့် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုက အင်မတန်မှ အရေးကြီးပါတယ်။

အဲဒါကြောင့်မို့လို့ အစိုးရရဲ့လုပ်ငန်းများကို အထောက်အကူပြုဖို့အတွက် ထိန်းကျောင်းဖို့အတွက်လည်း အင်မတန်မှ အရေးကြီးပါတယ်။ နိဂုံးချုပ်အနေနဲ့တော့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေမှာ ထိန်းညှိခြင်း၊ သက်ဆိုင်ရာ ဥပဒေများကို သုံးသပ်ခြင်း၊ ကြားနာခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနှင့် ပြုလုပ်ခြင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်မှုများကို စောင့်ကြည့်ထိန်းညှိခြင်းများ ဆက်လက်ပြုလုပ်သွားပါရန် ကျွန်မအနေနဲ့ နှိုးဆော်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၁။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကာလတွင် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ ကော်မတီရဲ့ ကြိုးစားအားထုတ်မှုများကို တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ပညာရေးမြှင့်တင်မှုကော်မတီ အစီရင်ခံစာရဲ့ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များကို အခြေခံပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးအခန်းကဏ္ဍကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် လက်ရှိအချိန်မှာ ပညာရေး ပြန်လည်ထူထောင်ရေးကာလလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရေးကဏ္ဍရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ကျောင်းအဆောက်အအုံ၊ ဆရာ/ဆရာမအင်အားကို ဖြည့်ဆည်းပေးဖို့အတွက် များစွာလိုအပ်နေသေးကြောင်း ကျွန်မတို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒီအခြေခံလိုအပ်ချက်ကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် ကဏ္ဍနှစ်ခုရှိပါတယ်။ ကျောင်းအဆောက်အအုံလိုအပ်ချက်နှင့် ဆရာ၊ ဆရာမလိုအပ်ချက်၊ ဆရာ၊ ဆရာမထဲကမှ နေပြီးတော့ အဲဒီဆရာ၊ ဆရာမများရဲ့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ဆရာ၊ ဆရာမများ လိုအပ်ချက်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ ကိုယ်စားလှယ်များအနေနဲ့လည်း ကျောင်းအဆောက်အအုံရရှိရေး၊ ကျောင်းအဆင့်မြှင့်တင်ရေး၊ အန္တရာယ်ရှိကျောင်းဆောင်များ ပြန်လည်ပြုပြင်ရေး၊ ဆရာ၊ ဆရာမ လိုအပ်ချက်များကို မေးခွန်းများစွာ မေးမြန်းပြီး ကျွန်မတို့လွှတ်တော်မှာ တင်ပြကြပါတယ်။ ဒါဟာ ဘာကိုဖော်ပြသလဲဆိုရင် မြေပြင်အနေအထားမှာ အခြေခံအဆောက်အအုံ ဘယ်လောက်အထိ မြန်မာနိုင်ငံအနေနှင့် လိုအပ်သေးကြောင်း လွှတ်တော်ကနေပြီးတော့ ကိုယ်စားပြုခြင်း ဖြစ်ပါတယ်။ ဒီအန္တရာယ်ရှိ ကျောင်းဆောင်စာရင်း

နှင့် ပတ်သက်ပြီးတော့ ကျွန်မ သက်ဆိုင်ရာဌာနကို မေးမြန်းထားတဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ မေလ ၁၀ ရက်နေ့က ကျွန်မရဲ့ မေးမြန်းချက်ရဲ့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အပါအဝင် နေပြည်တော်ကောင်စီအပါအဝင် နေပြီးတော့ (၂၁၈၁)ဆောင် ရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ ကျတဲ့အခါမှာ မေးတဲ့အခါမှာ ကျလို့ရှိရင်တော့ (၄၄၇)ကို ကျဆင်းသွားပါတယ်။ အချိန်တို (၃)လ အတောအတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင်များ ဒီလောက်ထိ လျင်မြန်စွာ ကျဆင်းလာတာနဲ့ ပတ်သက်ပြီးတော့ ကော်မတီအနေနဲ့ လေ့လာသင့်ပါတယ်လို့ ကျွန်မ တင်ပြအပ်ပါတယ်။

နောက်တစ်ခုက လစ်လပ်ဆရာမများ အခြေအနေနှင့်ပတ်သက်ပြီးတော့ ဆိုလို့ရှိရင် လစ်လပ်ဆရာမများ မလုံလောက်တဲ့အတွက် များစွာလိုအပ်နေပါတယ်။ အဲဒီဟာကိုလည်း ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ လစ်လပ်ဆရာမများနဲ့ ကျွန်မ သက်ဆိုင်ရာကို မေးကြည့်တဲ့အခါမှာ (၉)သောင်းကျော်တောင်မှ လိုအပ်နေပါတယ်။ ကျွန်မတို့ ကနေပြီးတော့ ဒီကျောင်းသားပေါ်မှာ အခြေခံတဲ့ ပညာရေးစနစ်ကို သွားမယ်ဆိုလို့ရှိရင် အခြေခံလိုအပ်ချက်ဖြစ်တဲ့ အဆောက်အအုံမရှိဘဲ၊ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဆရာ၊ ဆရာမမရှိဘဲ ကျောင်းသားတွေကို ဗဟိုပြုလို့မရပါဘူး။ ဒါကြောင့်မို့လို့ ဒီအချက်ကို ထည့်သွင်းဆွေးနွေးရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကနေပြီးတော့ ကျွန်မတို့ ဆရာ၊ ဆရာမနဲ့ ပတ်သက်ပြီးတော့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ရဲ့ အကောင်အထည်ဖော်မှု ဆိုတဲ့ဟာကို ဒီအခြေခံ လိုအပ်ချက်မရှိဘဲနဲ့ ဒါတွေကို အကောင်အထည်ဖော်ဖို့ဆိုတာ မေးခွန်းထုတ်စရာပါ။

နောက်တစ်ခုအနေနဲ့ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင်။ ကော်မတီအနေနဲ့ ဒီကျောင်းအဆောက်အအုံရဲ့ လိုအပ်ချက်များ၊ ဆရာ၊ ဆရာမရဲ့ လိုအပ်ချက်များကို ကျွန်မတို့ Mapping လုပ်သင့်ပါတယ်။ ဒါမှသာ ကျောင်းသူ ကျောင်းသားများရဲ့ အမှန်တကယ်လိုအပ်ချက်၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ လက်တွေ့ကျကျ ဆောင်ရွက်နေတဲ့ နိုင်ငံသည် ပညာရေးရဲ့ Life Track ပေါ်မှာ ရှိနေတယ်ဆိုတဲ့ဟာကို ကျွန်မတို့ ပြည်သူနှင့် လွှတ်တော်ကိုယ်စားလှယ်များ သိရမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်ရှင်။ ဒါက မြန်မာနိုင်ငံမှာ ပညာရေးကဏ္ဍအတွက် သုံးတဲ့ အသုံးစရိတ်တွေကို သုံးတဲ့ ဖော်ပြချက် ဖြစ်ပါတယ်။ အမှန်စာရင်းတွေကနေပြီးတော့ ကျွန်မ တင်ပြထားခြင်း ဖြစ်ပါတယ်။ ဒုတိယ Slide ဒါကျလို့ရှိရင် နှစ်စဉ်နှစ်တိုင်း မြင့်မားလာတဲ့ ပညာရေးကဏ္ဍမှာသုံးတဲ့ နှစ်စဉ်နှစ်တိုင်း မြင့်မားလာတဲ့ အသုံးစရိတ် ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုပြပါ။ ဒါကျတော့ Percentage ဘယ်လောက်ရာခိုင်နှုန်းတွေ တိုးတက်လာတယ်ဆိုလို့ရှိရင် လက်ရှိမှာတော့ (၈.၅)ရာခိုင်နှုန်း သုံးထားတာကို တွေ့ရပါတယ်။ ဒါကနေပြီးတော့ ကျွန်မ ဘာကိုပြချင်သလဲဆိုလို့ရှိရင် သုံးတဲ့ အသုံးစရိတ်နဲ့ ရတဲ့ရလဒ်ကို ကျွန်မတို့ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မရှေ့က ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တွေလည်း တင်ပြပြီး ဖြစ်ပါတယ်။ ကော်မတီဟာ ကျွန်မတို့ နာယကကြီးကလည်း ပြောထားတာရှိပါတယ်။ လွှတ်တော်အသေးစားများ ဖြစ်ပါတယ်။ လွှတ်တော်အသေးစားများအနေနဲ့ ကော်မတီကနေပြီးတော့ ဝန်ကြီးဌာနနဲ့ Check and Balance လုပ်ရမှာ ဖြစ်ပါတယ်။ ဘတ်ဂျက် ဒီလောက်သုံးလို့ ရလဒ် ဘယ်လိုရှိလဲဆိုတာကို ကျွန်မတို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်အနေနဲ့နေပြီးတော့ ကော်မတီရဲ့ အကြံပြုချက်

(ဃ)ကို ဆွေးနွေးလိုပါတယ်။ (ဃ)မှာ နေပြီးတော့ အထက်တန်း သိပ္ပံတွဲများကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးခြင်းဖြင့် အင်္ဂလိပ်စာ တိုးတက်လာခြင်း မရှိဆိုတာနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံရဲ့ အစိုးရကျောင်းတွေမှာ အင်္ဂလိပ်စာကို သူငယ်တန်းကစပြီးတော့ သင်ကြားပြီးတော့ တက္ကသိုလ်ရောက်လာတော့ ဘာသာရပ်တစ်ခုအနေနဲ့ ပို့ချခဲ့ပါတယ်။ ဒီလို (၁၁)နှစ်ကြာ အင်္ဂလိပ်စာကို သင်ကြားလာရုံနဲ့ အခြေခံပညာအထက်တန်းအဆင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးအချိန်မှာ ကျောင်းသူ၊ ကျောင်းသားများဟာ အင်္ဂလိပ်ဘာသာစကားနှင့် ပြောဆိုနိုင်စွမ်း မရှိသလောက် နည်းပါးပါတယ်။

ဒါကြောင့် တက္ကသိုလ်စာမေးပွဲအောင်မြင်ပြီး ပြင်ပအင်္ဂလိပ်စာသင်တန်းတွေကို အချိန်နဲ့ငွေစိုက်ထုတ်ပြီးတော့ ကျွန်မတို့ သင်ကြရပါတယ်။ တက္ကသိုလ်ကျောင်းသားတစ်ဦးအနေနှင့် အဆင့်မြင့်မြင့် မပြောဆိုနိုင်တောင်မှ အတန်အသင့်ပြောဆို ဆက်သွယ်နိုင်တဲ့ ပညာရေးစနစ်က သင်ကြားပို့ချရမယ်လို့ကျွန်မယူဆပါတယ်။ ဒါမှ ပြည်တွင်းလုပ်ငန်းခွင်အတွင်း ဝင်ဝင်၊ နိုင်ငံခြားမှာပဲ အလုပ်သွားလုပ်လုပ်၊ ပညာကိုပဲ ဆက်သင်သင် အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးရှုထောင့်အမြင်နဲ့ ကြည့်မယ်ဆိုလို့ရှိရင်လည်း အင်္ဂလိပ်ဘာသာစကားနဲ့ ပြောဆိုဆက်သွယ်နိုင်တဲ့ လုပ်သားအင်အားကို နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေက အားသာချက်တစ်ခုအနေနှင့် ထည့်သွင်းစဥ်းစားကြပါတယ်။ ဒါကြောင့်မို့လို့ အထက်တန်းပညာ သင်ကြားပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာစကားနှင့် အတိုင်းအတာတစ်ခုအထိ ပြောဆိုနိုင်စေဖို့အတွက် အင်္ဂလိပ်စာသင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုပုံစံများကို တတ်မြောက်မှု၊ အကဲဖြတ်မှု ပုံစံတွေကိုလည်း ပြောင်းလဲသင့်ကြောင်း ကျွန်မတို့ကော်မတီက သက်ဆိုင်ရာ ဝန်ကြီးဌာနကိုနေပြီးတော့ အကြံပြုဆွေးနွေးရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်မတို့ နိုင်ငံတစ်နိုင်ငံသည် ကျွန်မ အမြဲတမ်း မေးခွန်းမေးတိုင်း ပြောပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့အနာဂတ်ကို ကြည့်မယ်ဆိုလို့ရှိရင် ဒီနိုင်ငံမှာပညာရေးမှာ ဘယ်လောက်အထိ ရင်းနှီးမြှုပ်နှံထားသလဲ အပေါ်မှာ မူတည်ပါတယ်။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံမှု ခွန်အားမကြီးသမျှ ကာလပတ်လုံး နိုင်ငံရဲ့အနာဂတ်ဟာလည်း ကျွန်မတို့ မေးခွန်းထုတ်စရာတွေ အများကြီးနှင့် ကြုံတွေ့ရမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီကော်မတီရဲ့ အစီရင်ခံစာနှင့် ပတ်သက်ပြီးတော့ ကြိုဆိုပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၇။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၃) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ပညာရေးမြှင့်တင်မှု လုပ်ငန်း

ဆောင်ရွက်မှု အစီရင်ခံစာနှင့် ပတ်သက်ပြီးတော့မှ ထောက်ခံပြီးတော့မှ အပြုသဘောဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရှေ့မှာ ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်ကြီးများကလည်း ကျွန်မဆွေးနွေးမယ့် အပိုင်းတော်တော်များကို ဆွေးနွေးသွားပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လိုအပ်တဲ့အပိုင်းလေးကိုပဲ ဖြည့်ဆည်းသွားမှာ ဖြစ်ပါတယ်။

ဒီ အစီရင်ခံစာရဲ့နိဒါန်းအပိုင်းမှာ တွေးခေါ်ကြံဆ၊ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊ ပြည်သူ့နီတိ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများအဖြစ် ဥပဒေကို လေးစားလိုက်နာကြတဲ့ နိုင်ငံ့သားကောင်းများ ဖြစ်လာရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် ပညာအခြေပြု လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ ပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေးအတွက် ကူညီဆောင်ရွက်ပေးဖို့အတွက် ဒီကော်မတီကို ဖွဲ့စည်းတာဝန်ဆောင်ရွက်ပေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတွေ တင်ပြတဲ့အခါမှာ ခုနပြောခဲ့တဲ့ ရည်မှန်းချက်တွေ၊ ပြည့်မြောက်ဖို့အတွက် ကော်မတီအနေနဲ့ ဘယ်လိုဆောင်ရွက်ခဲ့တယ် ဆိုတာများကို အလေးထားပြီးတော့မှ တင်ပြပေးမယ်ဆိုရင်တော့ ပိုပြီးတော့ ထိရောက်မယ်လို့ ကျွန်မအနေနဲ့ တင်ပြချင်ပါတယ်။

ဥပမာဆိုလို့ရှိရင် လေ့လာတွေ့ရှိချက်များပေါ့၊ အမျိုးသားပညာရေးမြှင့်တင်မှု ကော်မတီကနေပြီးတော့မှ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနှင့် တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ဒီကော်မတီ အနေနဲ့ ဘယ်လိုမျိုး မြေပြင်မှာရှိနေတဲ့ အခြေအနေနဲ့ ဒီသင်ရိုးညွှန်းတမ်းကော်မတီကနေ ရေးဆွဲထားတာတွေနဲ့ ဘယ်လိုကွာဟမှု ရှိနေလဲဆိုတာမျိုးကို တင်ပြသင့်ပါတယ်။ ဥပမာ ကျွန်မတို့ ဒီကိုယ်စားလှယ်တွေ၊ အားလုံးသိပါတယ်။ ကျွန်မတို့ KG တန်းတွေကို သင်ရိုးညွှန်းတမ်းအသစ်နှင့် သင်ပေမယ်လို့လည်း သင်ရိုးညွှန်းတမ်းအတိုင်း လက်တွေ့သင်ကြတဲ့အခါမှာ ကျွန်မတို့ ကျောင်းတွေမှာ အထူးသဖြင့် ကျေးရွာတွေမှာဆိုရင် သီးသန့်ကျောင်းဆောင် မရှိပါဘူး။ နောက်တစ်ခါမှာ တကယ်လက်တွေ့ အသုံးပြုရမယ့် အားကစားကွင်းတွေ မရှိဘူး။ အဲဒီ့အပြင် အားကစားကွင်းဆောက်ဖို့အတွက် ရန်ပုံငွေကိုလည်း တကယ်တမ်းကျတော့ ဥပဒေအရပေါ့နော် ကောက်ခံခွင့်မရှိကြောင်းကို ကျေးရွာတွေမှာဆို ကလေးတွေက သင်ရိုးညွှန်းတမ်း အသစ်သာဖြစ်တယ်။ ထိထိရောက်ရောက် သင်ကြားခွင့် မရှိပါဘူး။

နောက်တစ်ခု။ ကျွန်မတို့ ဒီဥပမာပေါ့နော်။ ကျောင်းသားဗဟိုပြု သင်ကြားရေးစနစ်မှာဆိုရင် ရွာတွေမှာဆိုရင် အယောက်(၇၀) ဒီ KG အယောက် (၇၀)မှာ ကျောင်းသား (၇၀)မှာ ဆရာ (၁)ယောက်ပဲ ရှိပါတယ်။ ဒါဆိုရင် ဘယ်လိုနဲ့မှ ကျောင်းသားဗဟိုပြုပညာရေးစနစ်က လက်တွေ့အသုံးပြု သင်ကြားမှု မရှိပါဘူး။ ဒါပေမဲ့ ဒီအစီရင်ခံစာမှာဆို ဒီလိုမျိုးအချက်တွေကို တိတိကျကျနှင့် တွေ့ရှိချက်တွေကို ဖော်ပြသင့်ပါတယ်။ နောက်တစ်ခါ အထက်တန်းအဆင့် သိပ္ပံဘာသာရပ်တွေဖြစ်တဲ့ ဓာတု၊ ရူပ၊ ဇီဝ ဘာသာရပ်တွေ လက်တွေ့မလုပ်ဆောင်တာ ဒါဆို ခုနပြောထားတဲ့ တွေးခေါ်ကြံဆပြီးတော့ ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်ရှိတဲ့ သိပ္ပံပညာရပ်တွေကို ကျွန်မတို့ ကျောင်းသားတွေ လက်တွေ့သင်ကြား ခွင့်မရဘူးဆိုလို့ရှိရင် ဘယ်လိုမျိုးနဲ့ ဒီပညာရေး ရည်မှန်းချက်တွေ ကျွန်မတို့

ဖြည့်ဆည်းမှာလဲ။ ဒါနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန ကျွန်မတို့ ကိုယ်စားလှယ်တွေကို ဒီလိုမျိုး ပေါ့နော်၊ ပစ္စည်းတွေ ပံ့ပိုးထားတဲ့ ကျောင်းစာရင်းတွေ၊ ပရိဘောဂစာရင်းတွေ CD နဲ့ ကျွန်မတို့ ဖြန့်ဝေထားပါတယ်။ အဲဒီဟာတွေသည် ပညာရေးကော်မတီနှင့် လေ့လာပြီးတော့မှ ဘယ်လောက်အထိ လိုအပ်မှုရှိနေသလဲ ဆိုတာမျိုးကိုလည်း ဒီမယ်ထည့်သွင်းပြီးတော့မှ ဖော်ပြမယ်ဆိုရင် ပိုပြီးတော့မှ ကောင်းပါတယ်။

နောက်တစ်ခါ ၂၀၁၇ ခုနှစ်၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲမှာ ဆိုလို့ရှိရင်ပေါ့နော်၊ ကျွန်မတို့ ရှေ့လုပ်ငန်းစဉ် (၁၀)ချက်ကို ချမှတ်ခဲ့တယ်။ အဲဒီမှာ လေ့လာ တွေ့ရှိချက်မှာတော့ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ လေ့လာသိရှိခဲ့ပါတယ်။ အဲဒီတော့ အကြံပြုချက်မှာဆိုရင် ဒီကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းတည်ထောင်မှုနှင့် ပတ်သက်ပြီးတော့မှ ကျွန်မတို့နိုင်ငံမှာ သတင်းတွေမှာလည်း အများကြီးပေါ့နော်။ အငြင်းပွားမှု တွေရှိတယ်။ အဆင်မပြေမှုတွေရှိတယ်။ လက်တွေ့ ကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းတဲ့အခါမှာ အခက်အခဲတွေ အများကြီးပဲရှိပါတယ်။ တားမြစ်မှုတွေရှိတယ်။ ကျောင်းသားတွေပါဝင်ခြင်း မရှိဘူး။ ဒါဥပမာပေါ့။ ကျွန်မအတွေ့အကြုံအရ ပြောမယ်ဆိုလို့ရှိရင်ပေါ့နော်။ ကျွန်မသားက ရန်ကုန်တက္ကသိုလ်မှာ ထူးချွန်တန်း တက်နေပါတယ်။ အဲဒီမှာဆိုရင် သူကျောင်းသားသမဂ္ဂပါဖို့ဆိုရင် ဒီအတန်း Physicist က ပါမောက္ခတွေက ပြောပါတယ်။ ကျောင်းသားသမဂ္ဂမှာ ပါဝင်လို့ရှိရင် ဘယ်လိုဖြစ်တယ်။ ဒီကျောင်းသားတွေကိုပေါ့နော်။ နည်းနည်းတားမြစ်တာတွေ ရှိပါတယ်။ ဒါဟာ ကျွန်မတို့ ချမှတ်ထားတဲ့ မူဝါဒတွေနဲ့ လွဲမှားနေပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးမြှင့်တင်မှု ကော်မတီနဲ့ မြေပြင်မှာ ရှိနေတဲ့ အခြေအနေတွေကို အခါအားလျော်စွာ ကွင်းဆင်းပြီးတော့မှ တွေ့ရှိချက်တွေကို ဒီအစီရင်ခံစာမှာ တင်ပြမယ်ဆိုရင် ပိုပြီးတော့မှ ထိရောက်မှုရှိပါတယ်။

နောက်တစ်ခု ကျွန်မအနေနဲ့ကတော့ ခုနအကြံပြုချက်မှာ တင်ပြတဲ့အချက်တွေက အခုနက ဒေါ်နော်လှလှစိုး တင်ပြထားသလိုပဲ။ တွေ့ရှိချက်တွေမှာ မပါဝင်ဘဲနဲ့ အကြံပြုပြောပြထားတာသည် ဒီအစီရင်ခံစာတစ်ခုရဲ့ အင်္ဂါရပ်ကို အားနည်းစေပါတယ်။ ဒါကြောင့်မို့လို့ ဒီမယ်တင်ပြထားတဲ့ အချက်တွေ (င)တို့၊ (စ)တို့၊ (ဆ)၊ (ဇ)ပေါ့နော်။ ဒီ(ဈ)၊ (ည)၊ (ဋ) စသည့် အကြံပြုချက်များကို ရေးမယ်ဆိုလို့ရှိရင် ဒီတွေ့ရှိချက်တွေမှာ ရေးပြီးတော့မှ ကျွန်မတို့ အကြံပြုဖို့လိုအပ်ပါတယ်။ နောက်တစ်ခါ ဒီ (စ)မှာ ဖော်ပြတဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျောင်းမြေအားလုံး ဂရန် မရရှိသေးဘူးဆိုလို့ရှိရင် ကျွန်မတို့ဟာ ဒါဟာ ဂရန် ရရှိဖို့လိုသလား။ ဥပဒေအရ။ နောက်တစ်ခုကကျတော့ ဒါတွေကို သက်ဆိုင်ရာ မြို့နယ်ထွေ/အုပ်၊ မြေစာရင်းနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အမြန်ဆုံးပြီးစီးဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်မတို့ ဒါ ဥပဒေနည်းလမ်းအရ ဘယ်လိုဆောင်ရွက်လို့ရသလဲ၊ ဒီလိုမျိုး အကြံပြုချက်တွေကရော ထည့်သွင်းမယ်ဆိုလို့ရှိရင် ဘယ်သူကနေပြီးတော့မှ ဘယ်ကနေ တာဝန်ယူဆောင်ရွက်ရမှာလဲ။ နောက်တစ်ခါ ကျွန်မတို့ မြို့ကျောင်းကြီးများမှာ ဆရာဦးရေ ပိုလျှံနေသည်များကို စိစစ်တယ်ဆိုရင် တကယ်တော့ မြို့ကျောင်းကြီးတွေမှာ ဆရာဦးရေပိုလျှံတာ မဟုတ်ဘူး။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာဆိုလို့ရှိရင် တချို့ကျေးရွာတွေမှာ ဆိုလို့ရှိရင် ကျောင်းသားက နည်းနည်းလေး။ ဆရာက အများကြီးဖြစ်နေပါတယ်။ အဲဒီတော့ ဒါကြောင့်မို့လို့ ကျွန်မတို့ ကျေးရွာတွေမှာလည်း ပိုလျှံနေတဲ့ကျောင်းတွေ

ရှိတယ်။ ဒါပေမဲ့ တချို့နေရာတွေမှာ လိုအပ်နေတဲ့ ကျောင်းတွေ ရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး တော့လည်း ကျွန်မတို့ စာရင်းဇယား တိတိကျကျ ဖော်ပြဖို့အတွက် ကျွန်မတို့ လေ့လာသင့်ပြီပေါ့နော်၊ ဒါ ကျွန်မတို့ လွှတ်တော်မယ် ခုနပြောသလို မေးခွန်းတွေ မေးသင့်ပါတယ်။

ကျွန်မအနေနဲ့ နောက်ဆုံးတင်ပြချင်တာကတော့ ကျွန်မတို့ အမျိုးသားလွှတ်တော် ပညာရေး မြှင့်တင်မှုကော်မတီအနေနဲ့ ဆက်စပ်ကော်မတီများနှင့်လည်း အခါအားလျော်စွာ ဆွေးနွေးပြီးတော့မှ ကျွန်မတို့ ပညာရေးအဆင့်အတန်းမြင့်မားဖို့အတွက် အခုထက်ပိုပြီးတော့မှ ထိရောက်စွာ ဆောင်ရွက် နိုင်ပြီးတော့မှ ပညာရေးရည်မှန်းချက်များကို ပြီးမြောက်စွာ အကောင်အထည်ဖော်နိုင် ပါစေကြောင်း ကျွန်မဆန္ဒပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၃။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။　　။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင်ဖြစ်သော်လည်းပဲ ကော်မတီရဲ့ တာဝန်ပေးမှုအရ မဟုတ်ဘဲနဲ့ ကျွန်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ပထမဆုံး ကျွန်တော့် ရှေ့က ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်ကြီး(၄)ယောက်ရဲ့ ထောက်ပြချက်များအား မှန်ကန်ကြောင်း၊ အဲဒီအားနည်းချက်များကို အားဖြည့်ဖို့အတွက် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အားဖြည့်ဆွေးနွေး မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် နောက်ခံလေးကို နည်းနည်းပြောပြချင်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်ကာလတုန်းကဆိုရင် ပညာရေးကော်မတီဟာ သီးသန့်ကော်မတီတစ်ရပ်တည်း မဟုတ်ပါဘူး။ အမျိုးသမီးနှင့် ကလေးကော်မတီ၊ ပညာရေးကော်မတီ၊ နောက်တစ်ခါ အားကစားနှင့် ကျန်းမာရေး၊ ယဉ်ကျေးမှုကော်မတီတွေနဲ့ ပေါင်းစပ်ထားပြီးတော့ အဲဒီအချိန်တုန်းက လှုပ်ရှားမှုက အင်မတန် အားနည်းခဲ့ပါတယ်။

အဲဒီတုန်းက ပညာရေးဌာနမှာ လှုပ်ရှားပြောင်းလဲမှုအနေနဲ့ဆိုရင် ပညာရေးဝန်ကြီး ဆုံးပါး သွားပြီးတော့ ဒုတိယဝန်ကြီး(၃) ယောက်ထဲမှာ တစ်ယောက် နုတ်ထွက်သွားတယ်။ အဲဒီဟာနဲ့ အတူတူပဲ ပညာရေးကော်မတီရဲ့ လှုပ်ရှားမှုဟာလည်း နောက်လိုက်အနေနဲ့ ဘာမှကို မထူးခြားခဲ့ပါဘူး။ ကျွန်တော်တို့ အခု အစိုးရခေတ်မှာတော့ ကျွန်တော်တို့ရဲ့ ပညာရေးဝန်ကြီးဌာနအနေနှင့် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ပညာရေးကော်မတီကတော့ ဗျူရိုကရေစီ ယန္တရားအတိုင်း၊ တစ်နည်းအားဖြင့်တော့ အစိုးရအဖွဲ့ရဲ့ လှုပ်ရှားမှုအတိုင်းသာ ထိန်းညှိမှု ကျွန်တော်တို့ လွှတ်တော်ရဲ့ ထိန်းညှိမှုကို အပြည့်အဝတာဝန်ရှိတဲ့ ပညာရေးကော်မတီအနေနှင့် အားနည်းတာကို ကျွန်တော် တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော် အားဖြည့်ဆွေးနွေးမှာ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ နံပါတ်တစ်အနေနဲ့က သက်ဆိုင်ရာဌာနများ၊ ပညာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ

ကော်မတီ၊ ကော်မရှင်နှင့် ဦးစီးဌာနမှ တာဝန်ရှိသူများနဲ့ ပြည့်ပြည့်စုံစုံတွေ့ဆုံဖို့ နံပါတ်တစ် လိုအပ်နေတာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ဘာလိုအပ်နေသလဲဆိုတော့ လက်တွေ့ဆောင်ရွက်နေကြတဲ့ ဦးစီးဌာနအသီးသီးမှ အဖွဲ့အစည်းများ၊ ဥပမာအားဖြင့် စာစစ်အဖွဲ့၊ စာစစ်မှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ ဥက္ကဋ္ဌများနှင့် တွေ့ဆုံပြီးတော့ ယနေ့ ပြည်သူတွေသိနေတဲ့ စိတ်ဝင်စားနေတဲ့ မေးခွန်းပုံစံ ပြောင်းလဲခြင်းကိစ္စကို ကျွန်တော်တို့ ဆွေးနွေးချင်တယ်။ အဲဒီအခါမျိုးမှာ နည်းနည်းလေး လိုင်းလွဲနေတာမျိုး တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ အခုဆိုရင် ပညာရေးဝန်ကြီးဌာန၊ ပညာရေးဦးစီးဌာန အောက်မှာဆိုလို့ရှိရင် ဦးစီးဌာနတွေ အသီးသီးရှိပါတယ်။ ကျွန်တော် ဆွေးနွေးချင်တာက မြန်မာ နိုင်ငံစာစစ်ဦးစီးဌာနရဲ့ လက်အောက်မှာရှိတဲ့ စာစစ်မှူးချုပ်များ၊ စာစစ်ဥက္ကဋ္ဌများနှင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ သို့သော် ကျွန်တော့်လက်ထဲမှာ ပညာရေးကော်မတီရဲ့ ဖိတ်စာမှာတော့ အဆင့်မြင့်ပညာဦးစီးဌာန၊ သို့မဟုတ် အခြေခံပညာဦးစီးဌာန ဖြစ်နေပါတယ်။ အဲဒီဟာဆိုရင် သူတို့အနေနဲ့က ဒီဟာကို ဖြေရှင်းနိုင်စွမ်းမရှိပါဘူး။ ပညာရေးကော်မတီက ဘာလုပ်ပေးဖို့လိုလဲဆိုလို့ရှိရင် သက်ဆိုင်ရာ ဦးစီးဌာနကို ပိုင်ပိုင်နိုင်နိုင် ကျွန်တော်တို့ ဆွေးနွေးဖို့ဟာကို တိတိကျကျ ဖိတ်ကြားပေးဖို့ လိုအပ်ပါတယ်။ ဒီလောက်အထိ ပိုင်နိုင်ရမယ်။ နောက်တစ်ခါ ထပ်ပြီးပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ထပ်ပြီးဆွေးနွေးဖို့ လိုအပ်တဲ့အဖွဲ့အစည်းတွေဟာ ပညာရေးနှင့်သက်ဆိုင်သော အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တရားဝင် NGO များ၊ INGO များနဲ့လည်း တွေ့ဆုံပြီးတော့ ကမ္ဘာ့အဆင့်အတန်းမီတဲ့ ပညာရေးမြှင့်တင်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။

နောက်တစ်ခါထပ်ပြီးတော့ ပြောရမယ်ဆိုရင်တော့ တရားဝင်ခွင့်ပြုထားတဲ့ ပြည်တွင်းက ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ တရားဝင် ခွင့်ပြုထားတာ ဖြစ်ရပါမယ်။ ကိုယ်ပိုင်ကျောင်းဥပဒေအရ တရားဝင်ဖွင့်လှစ်ခွင့်ပြုထားတဲ့ ကျောင်းများမှ အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များကိုလည်း တွေ့ဆုံဆွေးနွေးဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ နိုင်ငံတကာမူဝါဒမှာ ဆိုရင်တော့ အစိုးရရဲ့ ဘတ်ဂျက်နဲ့က အစိုးရကျောင်းပဲ ရပ်တည်လို့ရတယ်။ တစ်ပြည်လုံးရဲ့ ပညာရေးကို မြှင့်တင်ရာမှာ ပုဂ္ဂလိက အဖွဲ့အစည်းများနဲ့ ရောယှက်ပြီးတော့၊ ပေါင်းစပ်ပြီးတော့ ဖွဲ့စည်းရပါတယ်။ အဲဒီဟာက တကယ့်ဒီမိုကရေစီ နိုင်ငံကြီးအားလုံးဟာ အဲဒီအတိုင်းပါပဲ။ ကျွန်တော်တို့ တစ်ပါတီအာဏာရှင်လက်အောက်မှာတော့ အားလုံးကို ဒီအစိုးရပိုင်ကျောင်းများနဲ့ လုပ်ပေမယ့် စင်ကာပူမှာပဲ ဖြစ်ဖြစ်၊ အမေရိကန်မှာပဲ ဖြစ်ဖြစ်၊ အင်္ဂလန်မှာပဲ ဖြစ်ဖြစ်၊ ဂျပန်မှာပဲဖြစ်ဖြစ် ပုဂ္ဂလိကကျောင်းများဟာ အင်မတန်အားကောင်းပါတယ်။ အဲဒီကျောင်းမှာ ကမ္ဘာကျော်တဲ့တက္ကသိုလ်များ၊ ကျောင်းများ အများကြီး ရှိကြပါတယ်။ ကျွန်တော်တို့ဆီမှာတော့ များသောအားဖြင့် ပုဂ္ဂလိကကျောင်းများနှင့်ပတ်သက်လို့ ယနေ့အချိန်အထိ ကျွန်တော်တို့ ပညာရေးကော်မတီဟာ ဆက်သွယ်လှုပ်ရှားမှု မတွေ့ရသေးပါဘူး။

ကိုယ်ပိုင်ကျောင်းများသည် ဘယ်လိုရပ်တည်ကြတယ်။ ဘယ်လိုကျွန်တော်တို့ ဘတ်ဂျက်ကို လျှော့ချနိုင်တယ်ဆိုတာကို ပညာရေးကျောင်းများကို စီမံခန့်ခွဲဖို့လိုအပ်နေပါတယ်။ များသောအားဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့တဲ့အခါမှာ သူတို့က ကျွန်တော်တို့ ကိုယ်စားလှယ်တွေကို ပြောတဲ့စကား နိဂုံးချုပ်ကတော့ ဘတ်ဂျက်ပဲ ပိုပေးပါ။ ဘတ်ဂျက်ပဲပိုပေးပါ ချည့်ပဲ။ ပညာရေးဌာနသည် ဘတ်ဂျက်အများကြီးရနေတဲ့ တန်းလန်းက ဘတ်ဂျက်ပဲ ပိုပေးပါလို့ တောင်းနေကြတာဆိုတော့ လျှော့ချမှု

အတိုင်းအတွက်ဆိုရင်တော့ ပုဂ္ဂလိကကဏ္ဍနှင့် တွဲဖက်ဖို့ ကျွန်တော်တို့ ကော်မတီက စီစဉ်ဖို့လိုအပ်ပါတယ်။ ထိုနည်းတူစွာ ထပ်ပြီးပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီမှာ BC ပေါ့နော်။ British Council ကနေပြီးတော့ ကျွန်တော်တို့လွှတ်တော်နဲ့ ပညာရေးလုပ်ငန်း လုပ်နေတာတွေရှိတယ်။ အဲဒီ အင်္ဂလန်က စာမေးပွဲအားလုံးသည် BC ကနေ တည်ဆောက်တာ ဖြစ်ပါတယ်။ နောက်တစ်ခါ အမေရိကန်စင်တာဆိုရင် အမေရိကန်တက္ကသိုလ်နဲ့ အမေရိကန်ပညာရေးပေါ့နော်။ ဒီထက်မက ကျယ်ကျယ်ပြန့်ပြန့် ပြောမယ်ဆိုရင် ဂျပန်တို့၊ ဘာတို့နဲ့ ဆက်သွယ်တဲ့ မင်ဂျာဆိုတဲ့ အဖွဲ့အစည်း ရှိပါတယ်။ မင်ဂျာဆိုတာ မြန်မာနိုင်ငံ ဂျပန်ပြန်ကျောင်းသားဟောင်းများအသင်းကနေပြီးတော့ နဂိုတုန်းကလုပ်တဲ့ ဂျပန်နိုင်ငံတက္ကသိုလ် ဝင်ခွင့်စာမေးပွဲဆိုတာ ရှိပါတယ်။ အဲဒီမှာ Physics တွေ၊ Chemistry တွေ၊ Maths တွေ၊ ဂျပန်စာတွေ၊ နောက် အင်္ဂလိပ်လိုသင်ရတဲ့ဟာတွေက ဒီတိုင်းပြည်မှာ အင်မတန် လူသိနည်းနေပါတယ်။ အဲဒီတော့ ဒီအချက်တွေကို ဖြည့်ဆည်းပေးဖို့ လိုအပ်တဲ့အတွက်ကြောင့် ကျွန်တော်သည် ပညာရေးကော်မတီက တာဝန်ပေးတာမဟုတ်ဘဲ ကိုယ်စားလှယ်တစ်ယောက် အနေနဲ့ အားဖြည့်ဆွေးနွေးခြင်း ဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၈။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကာလအတွင်း ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဝေဖန်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုတဲ့အချက်ကတော့ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီနဲ့ တွေ့ဆုံရာမှာ သင်ရိုးညွှန်းတမ်းအသစ် ပြုစုခြင်းလုပ်ငန်းအဆင့်ဆင့်ကို ကော်မတီက သိရှိရပါတယ်လို့ ဆိုပါတယ်။

ကျွန်တော့်ကို Power Point ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာမှာပါတဲ့ ဇယား ဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်း အဆင့်ဆင့် အသစ်ပြဋ္ဌာန်းမယ့်ဟာကို ဇယားအလိုက် ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒီ ဇယားအရ ဆိုလို့ရှိရင် သင်ရိုးညွှန်းတမ်းအားလုံး ပြင်ဆင်ပြီးဖို့ ဆိုလို့ရှိရင် ၂၀၂၂-၂၀၂၃ မှာ အားလုံး ပြဋ္ဌာန်း ပြင်ဆင်ပြီးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီအထဲမှာ စိတ်ဝင်စားစရာကောင်းတာက ဒီလောက်အချိန် ကြာကြာကြီး ကျွန်တော်တို့ အချိန်ယူရတယ်။ ဒီကြားထဲမှာ မပြင်ဆင်ခင်ကာလမှာ သင်ရိုးညွှန်းတမ်း အဟောင်းတွေကိုပဲ သင်နေရမယ်ဆိုတာ ဒါအချိန်ဟာ ရှည်လျားလွန်းလှပါတယ်။ ဖြစ်နိုင်ရင် မြန်မြန် ဆန်ဆန် ပြင်ဆင်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ အခု ၂၀၁၆-၂၀၁၇ မှာ KG ကို ပြင်ဆင်

ပြီးတော့ ၂၀၁၇-၂၀၁၈ မှာ Grade -1 ကို ပြင်ထားပြီးပါပြီ။ အဲဒီတော့ အခု Grade -2၊ Grade -3၊ Grade -4 စသဖြင့် Grade-12 ထိလည်း မပြင်ဆင်ရသေးပါဘူး။ ဒီကလေးတွေဟာ ၂၀၂၀-၂၀၂၃ အထိ သင်ရိုးညွှန်းတမ်း အဟောင်းတွေကိုသာ သင်နေရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ ဒီအကြောင်းအရာကိစ္စတွေကို သင်ရိုးညွှန်းတမ်းကော်မတီနှင့် ဆွေးနွေးတယ်။ အကြံပြုတယ်။ တိုက်တွန်းတယ်။ မေးမြန်းတယ်လို့ ကျွန်တော် အစီရင်ခံစာမှာ မတွေ့ရပါဘူး။ ဒီလို ခေတ်နောက်ကျနေတဲ့ သင်ရိုးညွှန်းတမ်းတွေ၊ မှားနေတာတွေ မြန်မြန်ပြင်လို့ရှိရင် မြန်မြန်အကျိုးရှိပြီးတော့ မြန်မြန်လမ်းမှန်ပေါ်ရောက်မယ်လို့ ယူဆပါတယ် ခင်ဗျား။ ဥပမာအားဖြင့် ကျွန်တော် ထုတ်နုတ်ပြီး ပြောဆိုလိုတာကတော့ အဋ္ဌမတန်းသမိုင်းကို အနည်းငယ် ဥပမာပေးပြီး ပြောလိုပါတယ်။ အဲဒီတော့ ဒီ သင်ရိုးညွှန်းတမ်းအသစ် မပြင်မချင်းဟာ ဒီ သင်ရိုးညွှန်းတမ်းအဟောင်းကို ၂၀၂၂ - ၂၀၂၃ အထိ အဋ္ဌမတန်းသမိုင်းကို သင်ကြားနေရမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် ဘာလို့ ထုတ်နုတ်ပြောပြရသလဲဆိုလို့ရှိရင် ဒီ သမိုင်းစာအုပ်ထဲမှာပါတဲ့ အဋ္ဌမတန်း သမိုင်း အခန်း(၁)(ခ) နံပါတ်(၃) ပထစအစိုးရ၊ (၄) ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ဆိုတဲ့ ခေါင်းစဉ်တွေ ကျွန်တော်လေ့လာမိလို့ ဖြစ်ပါတယ်။ အဲဒီအခန်းတွေမှာ ရေးသားဖော်ပြချက်တွေဟာ ဒီ သင်ရိုးညွှန်းတမ်းကို ပြုစုတဲ့ခေတ်က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အစိုးရ၊ တပ်မတော်အစိုးရ အဆက်ဆက်ရဲ့ ထင်မြင်ယူဆချက်တွေ၊ ကောက်ချက်တွေ၊ သုံးသပ်ချက်တွေကို ရိုက်သွင်းဖော်ပြထားတာ ဖြစ်ပါတယ်။

အခုလို ပါတီစုံဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန် တိုင်းရင်းသားအားလုံးက လိုလားတောင်းတ ကြိုးပမ်းနေခြင်းနှင့် လုံးဝဆီလျော်ခြင်း မရှိသလို အမှန်တရားနဲ့လည်း ကွဲလွဲမှုများရှိတယ်လို့ သမိုင်းပညာရှင် အများကလည်း လေ့လာသုံးသပ်ထားခြင်း ရှိပါတယ်။ ဥပမာ ကျွန်တော် Text Book ထဲက အနည်းငယ်ဖတ်ပြလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အထူးယိုယွင်းလာသော အခြေအနေတို့ကို ထိန်းသိမ်းစေသောငှာ ဗမာ့တပ်မတော်မှာ တာဝန်ယူစောင့်ရှောက်လိုက်ရသည်။ နောက်တစ်နေရာမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှာ ပြည်သူတို့၏ ထောက်ခံအားပေးမှုကြောင့် တစ်နေ့တခြား အင်အားကြီးမားလာသည် စသဖြင့် အငြင်းပွားဖွယ်ရာ ဝိဝါဒကွဲစရာတွေကို ကျွန်တော်တို့ ရိုက်သွင်းဖော်ပြထားတာတွေ ရှိပါတယ်။ အားလုံးသိကြတဲ့အတိုင်း ဒီဆိုရှယ်လစ်စနစ်ကြီးကြောင့် တိုင်းပြည်အဖက်ဖက်က နိမ့်ကျပျက်စီးယိုယွင်းခဲ့တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်တဲ့ အချက် ဖြစ်ပါတယ်။ အဲဒီတော့ သမိုင်းအမှန်ကို သိရှိပြီးနားလည်ဖို့ အလွန်အရေးကြီးပါတယ်။ သမိုင်းအမှန်ကို သိရှိပြီးနားလည်မှ ပစ္စုပ္ပန်အလုပ်တွေ မှန်ကန်ပြီး အနာဂတ်အတွက် ရည်မှန်းချက်လည်း မှန်ကန်စွာ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ သမိုင်းအမှန်ကို သိရှိနားလည်မှုမရှိရင် သမိုင်းဖြစ်ရပ်ဆိုးတွေဟာ အကြိမ်ကြိမ် ပြန်လည်တတ်တယ်လို့ ပညာရှိကြီးတွေ ဆိုတာရှိပါတယ်။


ကျေးဇူးပြုပြီး ကျွန်တော့်ကို ဒုတိယ Slide ပြပေးပါခင်ဗျား။ ဒါဟာ သမိုင်းကို မသိလို့ရှိရင် ကျွန်တော်တို့ ပြန်လည်တတ်တယ်ဆိုတဲ့ အကြောင်းကို ပညာရှိကြီးတွေပြောထားတဲ့ စာသားဖြစ်ပါတယ်။ ဒုတိယ နောက်တစ်ခုပြပေးပါ။ အဲဒီတော့ ဒီစာသင်ခန်းဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ကျွန်တော်တို့ ကမ္ဘာရဲ့အနာဂတ်ဖြစ်ပါတယ်။ ဒီစာသင်ခန်းတွေဟာ အနာဂတ်ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့နယ် ငယ်ရွယ်

တဲ့ ကျောင်းသားတွေကို အမှားအမှန် မခွဲခြားနိုင်ဘဲနဲ့ မိမိသင်ကြားလိုသော အချက်တွေကို မိမိသိစေလိုတဲ့ အချက်တွေကို ရိုက်သွင်းမယ်ဆိုလို့ရှိရင် ဒီကျောင်းသားတွေဟာ အနာဂတ်မှာ အမှားအယွင်းတွေကို လုပ်နိုင်ပါတယ်။ ကျွန်တော် တင်ပြလိုတဲ့အချက်ကတော့ အဓိကကတော့ ဒီအချက်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အကြံပြုလိုတာကတော့ ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတွေနဲ့ ကျွန်တော်တို့ တွေ့ဆုံတဲ့နေရာမှာ ခေတ်မမီ အမှန်တရားနှင့် ကွဲလွဲနေတဲ့ သင်ခန်းစာတွေကို လေ့လာသုံးသပ်ပြီးတော့ ဖြစ်နိုင်သမျှ အမြန်ပြုပြင် သင်ကြားခြင်း၊ သင်ရိုးညွှန်းတမ်းမှ ဖြုတ်ထားစေခြင်းများ ပြုလုပ်ရန် ကျွန်တော်တို့ ပညာရေးသင်ရိုးညွှန်းတမ်းကော်မတီကို အကြံပေးသင့်တယ်လို့ ယူဆပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)


အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာပါ ဇယားပုံ (ထထ)

| ပညာသင်နှစ် | KG | မူလတန်း | အလယ်တန်း | အထက်တန်း |
|---|---|---|---|---|
| ၂၀၁၆-၂၀၁၇ | KG | - | - | - |
| ၂၀၁၇-၂၀၁၈ | | Grade-1 | - | - |
| ၂၀၁၈-၂၀၁၉ | | Grade-2 | - | - |
| ၂၀၁၉-၂၀၂၀ | | Grade-3 | Grade-6 | - |
| ၂၀၂၀-၂၀၂၁ | | Grade-4 | Grade-7 | Grade-10 |
| ၂၀၂၁-၂၀၂၂ | | Grade-5 | Grade-8 | Grade-11 |
| ၂၀၂၂-၂၀၂၃ | | | Grade-9 | Grade-12 |

ပညာရှိကြီးများ ပြောထားသည့် စာသားကားချပ်ပုံ (ထထ-၁)



ပညာရှိကြီးများ ပြောထားသည့်စာသား ကားချပ်ပုံ (ထထ-၂)




**အချိန်၊ ၁၂း၃၄။**

**ဥက္ကဋ္ဌ။** ။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၄။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကိုမင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော် အချက် (၅)ချက်နဲ့ ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒီအစီရင်ခံစာထဲမှာပါတဲ့ လေ့လာတွေ့ရှိချက်မှာ ကျွန်တော် နံပါတ်တစ်အနေနဲ့ ဟောင်ကောင် တက္ကသိုလ်မှ မြန်မာကလေးများဟာ အင်္ဂလိပ်စာဝေါဟာရ တော်တော်များများ သိနေသော်လည်း ဝါကျဖွဲ့လျှင်သော်လည်းကောင်း၊ စကားပြောလျှင်သော်လည်းကောင်း အဆင်မပြေဘဲနဲ့ အားနည်းချက်များ တွေ့ရှိရကြောင်း ဒီသင်ကြားမှုပုံစံ လိုအပ်ချက်ကြောင့်ဟု ယူဆရကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒီဟာက ကျွန်တော်တို့ သေချာလေ့လာမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီမြန်မာပြည်က ကျောင်းသူ၊ ကျောင်းသားတွေဟာ ကျွန်တော်တို့အပါအဝင်ပေါ့ သူငယ်တန်းကနေ တက္ကသိုလ်ဘွဲ့ရ အထိ အနည်းဆုံး (၁၅)နှစ်လောက် အချိန်ပေးရပါတယ်။ အင်္ဂလိပ်စာကို နှစ်တိုင်းသင်ရတယ်။ ဒါပေမဲ့ ဒီတကယ့်လက်တွေ့မှာတော့ အသုံးမဝင်သလို ဖြစ်နေတယ်။ အဲဒီတော့ ဒီဟာက သူများနိုင်ငံတွေလည်း အင်္ဂလိပ်စာကိုပဲသင်တယ်။ ကျွန်တော်တို့လည်း သင်တော့သင်တယ်။ ဒါပေမဲ့ သင်ကြားမှုပုံစံက ကျွန်တော်တို့ နည်းနည်းလွဲနေတယ်။ အဲဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီဟာကို ဘယ်လိုပုံစံနည်းနှင့် ပြင်ဆင်ရမလဲဆိုတာကိုတော့ ဒီအစီရင်ခံစာထဲမှာပါသလို အကောင်အထည်ဖော် သင့်ပြီလို့ ကျွန်တော့်အနေနဲ့ ပထမအချက်အနေနဲ့ ဆွေးနွေးချင်ပါတယ်။

ဒုတိယအချက်အနေနဲ့ ဒီအထက်တန်းအဆင့် သိပ္ပံဘာသာရပ်များနဲ့ ဓာတု၊ ရူပ၊ ဇီဝဘာသာရပ်များ လက်တွေ့လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ သိပ္ပံပစ္စည်းများပံ့ပိုးမှု မရှိသေးကြောင်းဆိုပြီးမှ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီဟာလည်း တကယ်မှန်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့် မဲဆန္ဒနယ်နဲ့ နှိုင်းယှဉ်ပြမယ်ဆိုရင် ကျွန်တော့် မဲဆန္ဒနယ်မှာ အထက်တန်းကျောင်းက (၁၅)ကျောင်းရှိတယ်။ ဒီထဲမှာ မြို့ပေါ်ကျောင်း (၄)ကျောင်းလောက်သာလျှင် သိပ္ပံပစ္စည်းတွေကို ပံ့ပိုးမှုရှိပါတယ်။ ကျန်တဲ့နယ်က ကျောင်းတွေဆိုလို့ရှိရင် ပစ္စည်းကိရိယာတွေမရှိလို့ စာတော့သင်တယ်။ သူတို့ကြားတော့ကြားတယ် ဒါပေမဲ့ မမြင်ဖူးဘူးပေါ့။ အဲဒါမျိုးကို မဖြစ်ရလေအောင် ဝန်ကြီးဌာနအနေနဲ့လည်း ဒီဟာကို ပံ့ပိုးဆောင်ရွက်ပေးဖို့ ကျွန်တော် ဆွေးနွေးချင်ပါတယ်။ နောက် တတိယအချက်အနေနဲ့ ဝေးလံခေါင်ဖျားသော၊ သွားလာရန်ခက်ခဲသောဒေသများတွင် တာဝန်ကျ ဆရာ၊ ဆရာမများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် ဝန်ထမ်းအိမ်ရာများ ဦးစားပေးရန်နှင့် ဒေသခံဆရာ၊ ဆရာမများကို ဦးစားပေးရန် ဆိုပြီးမှ ဒီမှာအကြံပြုချက်ကို တွေ့ရပါတယ်။ ဝေးလံခေါင်သီတဲ့ နေရာမှာဆိုလို့ရှိရင် ကျွန်တော်တို့ ရွာတွေမှာ ဝန်ထမ်းအိမ်ရာမရှိဘူး။ ဝန်ထမ်းအိမ်ရာမရှိတော့ ပညာရေးဝန်ထမ်းတွေဟာ နေရေးထိုင်ရေး တော်တော်လေးကို အခက်အခဲ ဖြစ်နေပါတယ်။ တချို့ အုပ်ချုပ်ရေးမှူးအိမ်မှာ တွဲနေလိုက် နောက် အဲ့လိုမျိုး အခြေအနေဆိုတော့ ဒီဟာကိုလည်း ဝန်ကြီးဌာနအနေနှင့် ဒီပညာရေးဝန်ထမ်းတွေအတွက် နေဖို့ကိုလည်း ကျောင်းတစ်ခုတည်းတင် မဟုတ်ဘဲနဲ့ သိန်း(၂၀)ဖိုးလောက်ပေါ့။ (၂၅)သိန်းဖိုးလောက် ဒီဝန်ထမ်းအိမ်ရာလေးတွေလည်း ဆောက်ပေးသင့်တယ်လို့ ကျွန်တော် အကြံပြုဆွေးနွေးချင်တယ်။ နောက် ဒေသခံဆရာ၊ ဆရာမများကို ဦးစားပေးပြီးမှ ခန့်ထားရန် ဆိုပြီးမှ ရှိတယ်။ ဒါပေမဲ့ ဒီဒေသခံ ဆိုတိုင်းလည်း အစပိုင်းတော့ ကောင်းတယ်။ နောက်ပိုင်းက မကောင်းတာ ပိုများတယ်။ ဘာလို့လဲ ဆိုတော့ ဒေသခံက သူ့နယ်မြေမှာတာဝန် စကျခါစကတော့ ဝမ်းသာတယ်။ နောက်တစ်ဖြည်းဖြည်း ကြာလာတာနဲ့ (၂)နှစ်၊ (၃)နှစ် အထက်ကြာလာတာနှင့် သူတို့မိသားစု၊ သူတို့စီးပွားရေးလုပ်ငန်းကို ပိုလုပ်နေတာများတယ်။ အဲဒါကြောင့်မို့လို့ ဒေသခံနှင့် အခြားက ဆရာ၊ ဆရာမတွေကိုလည်း အလှည့်ကျစနစ်နဲ့ (၂)နှစ် (သို့မဟုတ်) (၃)နှစ် ပုံစံနဲ့ ပြောင်းမှပဲ အဆင်ပြေမယ်ဆိုတာ ကျွန်တော် ဆွေးနွေးချင်ပါတယ်။

နောက်နံပါတ်လေးအချက်အနေနဲ့ မြို့ကြီးကျောင်းများတွေမှာ ဆရာ၊ ဆရာမဦးရေ ပိုလျှံနေတယ်။ ဝေးလံခေါင်ဖျားသော ဒေသတိုင်းမှာဆိုလို့ရှိရင် ဆရာ၊ ဆရာမ လိုအပ်ချက်တွေ ဆိုပြီးတော့ ဒီနေရာမှာ အကြံပြုချက်မှာ တွေ့ရှိရပါတယ်။ ဘယ်ဝန်ထမ်းမဆို၊ ဘယ်ကျောင်းဆရာ၊ ဆရာမ မဆို မြို့ကြီးမှာ တာဝန်ကျချင်တာ အမှန်ပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ တောရွာမှာ ဒီရွာတွေမှာ တာဝန်ကျတဲ့ သူတို့အခက်အခဲတွေ အများကြီးရင်ဆိုင်နေရပါတယ်။ အဲဒါကြောင့်မို့လို့ ဒီမြို့ကြီးမှာ ဌာနကလည်း ဒီကျူရှင်မသင်ရဘူး ဆိုပြီးမှ ညွှန်ကြားချက်တွေ အမိန့်တွေ ခဏခဏတော့ထုတ်တယ်။ ဒါပေမဲ့ ဒီ ဆရာ၊ ဆရာမတွေကလည်း မရရအောင်၊ မရရတဲ့နည်းနဲ့ သူတို့သင်တာကို တွေ့ရပါတယ်။ ဒါကြောင့် မြို့ကြီးမှာနေတဲ့ ဆရာ၊ ဆရာမတွေဟာ ဝင်ငွေလည်းပိုကောင်းသလို၊ နေရထိုင်ရတာလည်း သက်တောင့်သက်သာဖြစ်တယ်။ အဲဒါကြောင့်မို့လို့ ဒီ မြို့ကြီးမှာနေတဲ့ ကျောင်းဆရာ၊ ဆရာမနဲ့ ဒီ

နယ်မှာတာဝန်ကျတဲ့ ကျောင်းဆရာ၊ ဆရာမတွေကိုလည်း (၃)နှစ်တစ်ကြိမ်၊ (၂)နှစ်တစ်ကြိမ် အဲဒီလိုမျိုး နှင့် အလှည့်ကျစနစ်ဖြင့် တာဝန်ခန့်ထားပေးမှသာ အဆင်ပြေမယ် ဖြစ်ပါတယ်။

နောက်နံပါတ်ငါး နောက်ဆုံးတစ်ချက် နံပါတ်ငါးအနေနှင့် စာကြည့်တိုက်များ မဖြစ်မနေ ထားရှိရန် လိုအပ်ကြောင်း ဒီထဲမှာပါရှိပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာ ဆိုလို့ရှိရင် အထက်တန်း ကျောင်း၊ အတန်းကျောင်းတွေမှာ စာကြည့်တိုက် ဆိုင်းဘုတ်ကပ်ထားတယ်။ အထဲမှာကြည့်လိုက်တော့ ဒိတ်အောက်နေတဲ့ ဒီသတင်းစာတွေလောက်ပဲရှိတယ်။ ဗဟုသုတရမယ့် စာအုပ်စာတမ်းတွေ ဘာတစ်ခုမှ မရှိပါဘူး။ အဲဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့လည်း ဒီ စာကြည့်တိုက်ကို ကျောင်းသားကလေး များနဲ့ ဆရာ၊ ဆရာမများ ဗဟုသုတရမယ့် စာအုပ်လေးတွေကိုလည်း နည်းနည်းထောက်ပံ့ပေးဖို့ပေါ့ ဒီဟာကိုကျွန်တော် အကြံပြု ဆွေးနွေးချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော် ဆွေးနွေးချင်တာကတော့ ပညာရေးမြှင့်တင်မှုကော်မတီ အနေ ဖြင့်လည်း အစီရင်ခံစာဖတ်ပြီးရင် တာဝန်ကျေပြီ ဟု မယူဆဘဲနဲ့ ဒီအစီရင်ခံစာထဲမှ အကြံပြုချက် များကို ပညာရေးဝန်ကြီးဌာနက ဆက်လက်အကောင်အထည်ဖော်ပေးရန် ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်မှ ပညာရေးဝန်ကြီးဌာနကို အပြန်အလှန် ထိန်းကျောင်းသင့်ပါကြောင်း ဆွေးနွေးရင်းနှင့် ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၀။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ဒီအမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကိုဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ဟာ ၁၉၆၂ ခုနှစ် မတိုင်ခင် ကတော့ ဒေသတွင်းမှာ ထိပ်ဆုံးက ရှိနေပါတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ ကျွန်တော်တို့ ပညာရေး စနစ်ဟာ ရေစုန်မျောပြီးတော့ ဒီနေ့အထိ အဖတ်ဆယ်လို့ မရသေးပါဘူး။ အဲဒါ တစ်ကဏ္ဍ ဘယ်မှာ ပါသလဲဆိုရင် ကျွန်တော်တို့ ကိုယ်ပိုင်ကျောင်းများရဲ့ကဏ္ဍကို ဖျောက်ဖျက်ပစ်တာဟာ ဒီဟာနဲ့ တစ်ချက်တည်း ထည့်ပြောလို့ရပါတယ်။ ဦးကျော်နိုင် လည်း ပြောသွားပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး။ ကိုယ်ပိုင်ကျောင်းများရဲ့ကဏ္ဍဟာ အဲဒီပညာရေးမြှင့်တင်မှုမှာ အင်မတန် အရေးကြီး ပါတယ်။ ပညာရေး အဲဒီလို ကိုယ်ပိုင်ကျောင်းများပေါ်လာဖို့ ပညာရေးမူဝါဒတွေကို ဖြေလျှော့ ပေးသင့် ပါတယ်။ သို့သော်လည်းပဲ အဲဒီဖြေလျှော့ပေးတာဟာ ကျောင်းသားများရဲ့ ရသင့်ရပိုင်ခွင့် အခွင့်အရေး တွေကို နင်းခြေပစ်တာမျိုးတော့ မဖြစ်သင့်ပါဘူး။

အခုကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ပညာရေးနဲ့ပတ်သက်တဲ့ ကိုယ်ပိုင်ကျောင်းတွေ ရှိနေပါတယ်။ ကိုယ်ပိုင်ကျောင်းတွေဟာ ပိုက်ဆံသိန်း ပေါင်းများစွာကို ရယူပြီးတော့ ကျောင်းသား တွေရဲ့ စားချိန်၊ ကစားချိန်၊ စာကြည့်ချိန်တွေကို ဘယ်လို သတ်မှတ်နေသလဲ၊ နောက်ပြီးတော့ သူတို့ဟာ ပိုက်ဆံတွေ အများကြီးပေးပြီးတော့ အာဟာရပြည့်တဲ့ အစားအစာတွေကို တကယ်ကျွေးမွေးရဲ့လား အဲဒီကျောင်းတွေက ကစားချိန်တွေရော တကယ်သတ်မှတ်ပေးရဲ့လားဆိုတာ ပညာရေးဝန်ကြီးဌာနက ဘယ်လိုစီစဉ်ဆောင်ရွက်နေလဲ ဆိုတာကို ပညာရေးမြှင့်တင်မှုကော်မတီက ကျွန်တော်တို့ ထိန်းကျောင်း စိစစ်သင့်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ပညာရေးဟာပြန်ပြီးတော့ ဦးမော့လာမှာဖြစ်ပါတယ်။ အဲဒီ ကျွန်တော်တို့ပညာရေး ပုဂ္ဂလိကကျောင်းတွေမှာ စာကြည့်တိုက်တွေ ထားရမယ်လို့ ညွှန်ကြားချက် တွေ ရှိနေခဲ့ပေမယ့် တချို့သော ပုဂ္ဂလိကကျောင်းတွေမှာ စာကြည့်တိုက်တွေ မရှိပါဘူး။ စာကြည့်တိုက် တွေ ရှိတော့လည်း စာအုပ်တွေ မရှိပါဘူး။ စာအုပ်တွေ ရှိတော့လည်းပဲ စာဖတ်ဖို့အချိန် ပေးမနေပါဘူး။ ဒါတွေကို ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီက ပညာရေးဝန်ကြီးဌာနကို ထိန်းကျောင်းပြီး တော့ ကျွန်တော်တို့ အကြံပြုသုံးသပ်ချက်တွေ ပေးသင့်ပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံရပ်ခြားက လာဖွင့်တဲ့ နိုင်ငံရပ်ခြားက သင်ရိုးညွှန်းတမ်း တွေနဲ့ ဖွင့်နေတဲ့ကောလိပ်တွေ ကျွန်တော်တို့နိုင်ငံမှာ ဘယ်နှစ်ခုရှိနေသလဲ၊ ပညာရေးမြှင့်တင်မှု ကော်မတီက တင်ပြဖို့ သုံးသပ်ဖို့ လစ်ဟာချက် တစ်ခုရှိနေတယ်လို့ ကျွန်တော် ထောက်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံတစ်ခုမှာ အာဏာသိမ်းတာနှင့်ပတ်သက်တဲ့ ကျွန်တော်တို့ ပညာရေးကျောင်းတစ်ခု ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖွင့်နေတဲ့ ကျောင်းတစ်ခုဟာ ပတ်သက်နေတယ်ဆိုတဲ့ ဒါအတွက် ကြောင့်မို့လို့ တာဝန်ရှိသူတွေက အဲဒီပညာရေးကျောင်းရဲ့ တာဝန်ခံကို ခေါ်ယူစစ်ဆေးနေတယ် ဆိုတဲ့ဟာတွေလည်း ရှိနေပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီ အစီရင်ခံစာ ထဲမှာ ထည့်သွင်းဖော်ပြသင့်ပါတယ်။

ကျွန်တော်တို့မှာ အဲဒီမှာ ပညာရေးပြပွဲတွေ၊ ဆွေးနွေးပွဲတွေကိုလည်း ကျွန်တော်တို့ ဒီ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တက်ရောက်သင့်ပါတယ်။ ကျွန်တော်တို့ တက်ရောက်မယ့် ကျောင်းသားတွေဟာ အဲဒီနိုင်ငံကိုသွားပြီးတော့ ပညာရေးတွေ သင်ယူကြမယ်ဆိုရင် တကယ်ကုန်ကျတဲ့ ငွေနဲ့ တန်ဖိုးရှိရဲ့လား၊ တကယ် ကမ္ဘာက အသိအမှတ်ပြုရဲ့လား ဆိုတာတွေကို လေ့လာသုံးသပ်ဖို့ လိုပါတယ်။ မဟုတ်ရင် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပညာရေးအချဉ်ဖမ်းပွဲကြီးရဲ့ နေရာဒေသ ဖြစ်နေဦးမှာပါ။ ဒါလေးကိုလည်း ကျွန်တော်တို့ ပြောချင်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ ရာထူးတိုး၊ နေရာအပြောင်းအရွှေ့ ခန့်ထားရေးကိစ္စတွေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီက လေ့လာသုံးသပ်သင့်ပါတယ်။ အခု ကျွန်တော်တို့ ဖဲကြိုးစိမ်းလှုပ်ရှားမှု၊ ဖဲကြိုးပြာလှုပ်ရှားမှု ဆိုတာတွေ ရှိနေပါတယ်။ ကျွန်တော်တို့ ဖဲကြိုးပြာလှုပ်ရှားမှု ဆိုတဲ့နေရာမှာ ပညာရေးဝန်ကြီးဌာန လက်အောက်မှာ ရှိတဲ့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်မှာရှိတဲ့ နည်းပညာ ကောလိပ်၊ စက်မှုလက်မှုသိပ္ပံ၊ အထက်တန်းကျောင်းက ဆရာမတွေ ရာထူးတိုးနေတဲ့အချိန်မှာ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်မှာရှိတဲ့ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်က

ဘွဲ့တူ၊ အလုပ်တူ၊ လုပ်သက်တူ ဆရာ၊ ဆရာမတွေ ရာထူးမတိုးလို့ ဖဲကြိုးပြာလှုပ်ရှားမှုကို ကျွန်တော်တို့ ဇူလိုင်လ ၃၁ ရက်နေ့က စတင်ပြီး လှုပ်ရှားနေခဲ့တာဟာ ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီက နေပြီးတော့ ပညာရေးဝန်ကြီးဌာနရဲ့ ရာထူးတိုး၊ အလုပ်ခန့်ထားရေးမူဝါဒတွေဟာ မျှတမှုရှိရဲ့လား၊ ပီပီပြင်ပြင်ရှိရဲ့လား ဆိုတာကို ကျွန်တော်တို့ လေ့လာသုံးသပ်ဖို့ လိုပါလိမ့်မယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက အဲဒီလို ရာထူးတိုး မူဝါဒတွေကို ပီပီပြင်ပြင်ရှိရဲ့သား နဲ့ ဦးစီးဌာနချင်းမတူလို့ ဦးစီးဌာနတွေက ကိုယ့်သဘောနဲ့ ကိုယ်လုပ်ချင်တာကို လုပ်နေသလား၊ အဲဒီလို လုပ်နေတာကိုပဲ ပညာရေးဝန်ကြီးဌာနက လစ်လျူရှုထားသလားဆိုတာကို ကျွန်တော်တို့ ပညာရေး မြှင့်တင်မှုကော်မတီက ထောက်ပြသင့်ပါတယ်။ အကြံပြုသင့်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ လည်း ဆရာ၊ ဆရာမတွေ အခြေခံပညာပဲဖြစ်ဖြစ်၊ အဆင့်မြင့်ပညာပဲဖြစ်ဖြစ် အားလုံးသော ဆရာ၊ ဆရာ မတွေကို ကိုယ့်ရင်၌မွေးသော သား၊ သမီးများအဖြစ်နှင့် သာတူညီမျှအားလုံးကို ရာထူးတိုးတာတွေ၊ ခန့်ထားပေးတာတွေ၊ လစာတိုးတာတွေ လုပ်သင့်ပါတယ်။ တချို့သော ဆရာ၊ ဆရာမတွေဆိုရင် ရာထူးတိုးစာမေးပွဲကို ဖြေစရာမလိုဘဲနဲ့ ရာထူးတွေ တိုးနေတာဟာ ဒီအစိုးရလက်ထက်အထိ ရှိနေ သေးတယ်ဆိုတာ အကျင့်ပျက်ခြစားမှုနှင့် ဆက်နွှယ်နေပါတယ်။ စစ်တမ်းတစ်ခုမှာ ဖော်ပြထားတာက ပညာရေးဝန်ကြီးဌာနဟာ အကျင့်ပျက်ခြစားမှု အငယ်စားလေးတွေနဲ့ ပါဝင်ပတ်သက်မှု မြင့်မားနေ တယ်လို့ ထောက်ပြထားတာဟာလည်း ရှက်ဖွယ်လိလိ ကျွန်တော်တို့ မီဒီယာတွေထဲမှာ ဖော်ပြထားတာ ကို ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီကနေ ပြီးတော့ ဘာလုပ်သင့်သလဲဆိုရင် ထိန်းကျောင်းပြုပြင်ပြီးတော့ ကျွန်တော်တို့ အကြံပြုချက်တွေ ပေး သင့်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အဲဒီမှာ ကျွန်တော်တို့ ရာထူးတိုးတာနဲ့ ပတ်သက်ပြီးတော့ ဇူလိုင်လ ၂၄၊ ၂၅ ရက်မှာ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးမှာ ကျင်းပပါတယ်။ ဟောဒီက ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပညာရေးမြှင့်တင်မှုကော်မတီက သူတွေလည်း တက်ရောက်ကြပါတယ်။ လုပ်သက်တူ၊ ရာထူးတူတွေကို ရာထူးတိုးပေးမယ် ဆိုပေမယ့် လက်တွေ့မှာ မတိုးပေးတာဟာ မျှတမှု မရှိဘူးလို့ ထောက်ပြနေကြပါတယ်။ မျှမျှတတဖြစ်အောင် ပညာရေးဝန်ကြီးဌာနကို ပညာရေးမြှင့်တင်မှု ကော်မတီက ထိန်းကျောင်းပေးပါလို့ တိုက်တွန်းရင်းနှင့် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂:၄၆။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၄၆။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကာလအတွင်း အမျိုးသားလွှတ်တော်

ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

နံပါတ်တစ်အနေနဲ့ ပညာရေးဝန်ထမ်း ကျောင်းဆရာ၊ ဆရာမနှင့် ပတ်သက်ပြီးတော့ ကော်မတီရဲ့ အစီရင်ခံစာမှာလည်း ပါရှိတဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ (ဆ)၊ (ဇ)၊ (ဠ)၊ (ဆ) ကျောင်းဆရာ၊ ဆရာမများသည် ဝေးလံခေါင်ဖျားဒေသ သွားလာရေးခက်ခဲသော ဒေသများမှာ နေထိုင်ရန် ဝန်ထမ်းအိမ်ရာများ ဦးစားပေးဆောင်ရွက်ရန် သင့်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဘဏ္ဍာရေးခွဲဝေသုံးစွဲမှုအရ ဆောက်မပေးနိုင်သေးကြောင်းလည်း သိရှိရမှာ ဖြစ်ပါတယ်။ ကျေးရွာများမှာ ကိုယ်ထူကိုယ်ထ ဆောက်ပေးကြသော်လည်း ခိုင်ခန့်လုံခြုံမှုမရှိကြောင်း တွေ့ရသလို၊ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော့်မဲဆန္ဒနယ်မြေမှာ မြို့နယ်ပညာရေးမှူးလည်း ပါပါတယ်။ သက်ကယ်အစုတ်မိုးထားပြီးတော့ အမိုးပေါ်မှာ မိုးကာတင်ပြီးတော့ နေရတဲ့ ကျွန်တော်တို့ရဲ့ ကျောင်းဆရာ၊ ဆရာမတွေရဲ့ ဘဝကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်မှ သင့်တင့်လျောက်ပတ်သော ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာများအား ခရီးအကွာအဝေး၊ လမ်းပန်းဆက်သွယ်မှု အနေအထားလိုက်ပြီး တစ်မြို့နယ်တစ်ကျောင်းမှာပဲ ဖြစ်ဖြစ် စတင်ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြလိုပါတယ်။

နောက် ဒုတိယ (ဇ) မြို့ကျောင်းကြီးမှာ ဆရာဦးရေပိုလျှံပါက အခြားတစ်နေရာ ဝေးလံတဲ့နေရာ အင်အားဖြည့်စေလိုကြောင်း တင်ပြချက်အပေါ်မှာ မကောင်းကျောင်းပို့ ဆိုတဲ့ စကားရပ်လို မဖြစ်စေရန်လည်း လိုအပ်သလို ကျောင်းဆရာ၊ ဆရာမများအားလည်း အဲဒီဝေးလံတဲ့ နေရာသွားမယ်ဆိုရင် ရာထူးတိုးမြှင့်ဖို့လည်း ကျွန်တော်တင်ပြလိုပါတယ်။ ကျောင်းဆရာ၊ ဆရာမများ သင်တန်းဖြစ်တဲ့ PPTT ဘွဲ့ရမှ ဆရာဖြစ်သင်တန်းကို (၆)လ၊ (၁)နှစ်တက်ရတဲ့ မူလတန်းပြဆရာအတတ်သင်တန်းကျောင်းရှိသလို B.Ed သင်တန်း (၁၀)တန်းအောင်မှတ်ကြည့်ပြီးတော့ ပညာရေးတက္ကသိုလ်သင်တန်းတက်ရတဲ့ သင်တန်းဆင်းပြီးတော့ B.Ed ကျောင်းဆင်းလည်း ရှိပါတယ်။ ပညာရေးလေ့ကျင့်ရေးကောလိပ်သင်တန်းတက်တဲ့ ကျောင်းဆင်းတွေလည်း ရှိပါတယ်။ ကျောင်းပေါင်း(၂၅)ကျောင်းရှိတယ် သိရှိရပြီးတော့ သင်တန်းတက်ပြီးတော့ နိုင်ငံတော်အစိုးရအဖွဲ့မှ အခြေအနေ အရပ်ရပ်ကြောင့် မခန့်နိုင်လို့ ဆရာစိတ်ပျောက်ပြီးတော့ ကုန်နိုင်ကြောင်း၊ ငုတ်တုပ်ထိုင် စောင့်နေရကြောင်းလည်း သိရှိရပါတယ်။ လာမည့်ဘဏ္ဍာနှစ်များမှာ စီမံကိန်းများ စနစ်တကျရေးဆွဲထားနိုင်ရန်လည်း အကြံပြုတင်ပြလိုပါတယ်။ ဆရာဆိုတာ ကျောင်းသားများရဲ့စံပြ အတုခိုးဖွယ်ရာ ပုဂ္ဂိုလ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ကျွန်တော် တစ်နေ့က ဖတ်လိုက်ရတဲ့ ဆောင်းပါးထဲမှာလိုပါပဲ ကျောင်းအုပ်မရှိလို့ ကျောင်းအုပ်တောင်းတယ်တဲ့၊ ကျောင်းအုပ်တောင်းတဲ့အခါမှာ ကျောင်းအုပ်က ဘယ်ရောက်သွားသလဲ ဆိုတော့ ကျောင်းအုပ်က ဘယ်မှရောက်တာမဟုတ်ပါဘူး။ မူးယစ်ဆေးနဲ့ အဖမ်းခံရလို့ ဟုတ်လား ကျွန်တော်တို့ ကျောင်းအုပ်မရှိတဲ့အကြောင်း တင်ပြသလိုပါပဲ။ ဒီ ကျောင်းအုပ်လိုမျိုး ကျွန်တော်တို့ ကျောင်းသားများဟာ ဘယ်လိုလုပ်လိုက်ပြီး အတုခိုးလို့ရမှာလဲလို့ ဒါတင်ပြလိုပါတယ်။ ဒါ အထက်တန်းကျောင်းများမှာလည်း သိပ္ပံခန်းမှာ ဓာတ်ခွဲခန်းပစ္စည်း၊ ဓာတ်ဆေးပစ္စည်းများ နိုင်ငံတော်မှ ဖြည့်ဆည်းပေးရန် လိုအပ်သလို ဆရာ၊ ဆရာမများကိုယ်တိုင်လည်း အားစိုက်ပြီးတော့ မိမိကိုယ်တိုင် တတ်ကျွမ်းမှုဖြင့် သင်ကြားပေးစေလိုပါတယ်။ နည်းပညာများ အသုံးပြုရန်အတွက် ကွန်ပျူတာများ၊ မိတ္တူကူးစက်

များ၊ ပရိုဂျက်တာများ ဖြည့်ဆည်းပေးရန်လည်း လိုအပ်ပါတယ်။ စီမံကိန်းများရှိတယ်လို့လည်း ကြားသိရပါတယ်။

ကျွန်တော်တို့ ငယ်ငယ်က သင်ခဲ့ရတဲ့ ကြိုးစားအားထုတ်စေဖို့ မပုကြွယ်နှင့် ခရုငယ်ကျောင်းသင်ခန်းစာလိုပါပဲ။ ဉာဏ်ထိုင်းတဲ့ မပုကြွယ် ခရုငယ်ကို အားကျပြီးတော့ ကြိုးစားမှုကြောင့် အောင်မြင်ရတယ်။ ဒီနေ့ ပရိုဂျက်တာနဲ့ ထိုးပြပြီးတော့ လက်နှစ်ဖက် မွေးရာပါ မပါတဲ့ နော်ထားငှ လို၊ မျက်စိမမြင်တဲ့ မအေးချမ်းအောင် တို့လို၊ ခြေထောက်ရော လက်ရောမပါတဲ့ မထူးထူးမွန် တို့ရဲ့ လုပ်ရပ်ကို သူတို့ရဲ့နေ့စဉ် ဆောင်ရွက်တဲ့လုပ်ငန်းတွေကို ပြသမယ်ဆိုရင် ကျွန်တော်တို့ ကလေးတွေပိုပြီး ကြိုးစားချင်စိတ်ရှိပါလိမ့်မယ်။ ဒါကြောင့် ပရိုဂျက်တာတွေ၊ မိတ္တူကူးစက်တွေ လိုပါတယ်။ ထိုနည်းလည်းကောင်းပဲ H1N1 ရောဂါမဖြစ်စေရန် အဓိကလက်ဆေးရမှာဖြစ်လို့ ပရိုဂျက်တာနဲ့ထိုးပြပြီး ကျောင်းသားတွေပြမယ်ဆိုရင် ဘယ်လောက်အကျိုးရှိမလဲဆိုတာ သိစေလိုပါတယ်။ နောက်စာကြည့်တိုက်များ မဖြစ်မနေထားရှိဖို့ လိုအပ်ကြောင်းလည်း အကြံပြုတင်ပြတာ တွေ့ရှိရပါတယ်။ စာကြည့်တိုက်များ တချို့ကျောင်းများမှာ စာကြည့်တိုက်ရှိပေမယ့်လို့ စာကြည့်တိုက်ဝန်ထမ်းများ ခန့်အပ်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ကျွန်တော်တို့ ကော်မတီကို တင်ပြဆွေးနွေးလိုပါတယ်။ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအားလည်း ကမ္ဘာ့ဘဏ်မှ ကျောင်းသားဦးရေ အချိုးအစားအလိုက် ထောက်ပံ့မှုများလည်း (၈၀)ရာခိုင်နှုန်း အောင်မြင်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ ထောက်ပံ့ငွေ၊ ရန်ပုံငွေအားလည်း စနစ်တကျ မှန်မှန်ကန်ကန် သုံးစွဲရန်လိုအပ်သလို ဆက်လက်ပြီး နောက်နှစ်များမှာလည်း ကျွန်တော်တို့ ရရှိဖို့လည်း ဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

ကျွန်တော်တို့ နောက်ဆုံးအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် နောက်ဆုံးတင်ပြလိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)အောင်မြင်ရေးအတွက် ကော်မတီအနေဖြင့် ပကတိအနေအထား သိရှိစေရန် ဆရာဖြစ်သင်တန်းကျောင်း၊ တက္ကသိုလ်များကို သွားရောက်လေ့လာသလိုပဲ ပညာသင်ယူနေသော အ.မ.က၊ အ.လ.က၊ အ.ထ.က ကျောင်း၊ ကိုယ်ပိုင်ကျောင်းများသို့လည်း ပကတိအနေအထား သိရှိစေရန် ကွင်းဆင်းဆောင်ရွက်စေလိုကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၂း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ပညာရေးမြှင့်တင်မှုကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၁။**

**ဦးကျော်သောင်း (အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ အားလုံး မင်္ဂလာ ကျက်သရေအပေါင်းနှင့် ပြည့်စုံကြပါစေလို့ မေတ္တာပို့သနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အစီရင်ခံစာနှင့် ပတ်သက်ပြီးတော့ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြတဲ့ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါက်တာဦးကွယ်ကွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) တို့ကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပညာရေးမြှင့်တင်မှုကော်မတီရဲ့ကိုယ်စား ပြောကြားလိုပါတယ်။

ဒီနေ့ အကြံပြုဆွေးနွေးသွားတဲ့အချက်တွေဟာ အင်မတန်ကောင်းမွန်တဲ့အချက်တွေ ဖြစ်ပါတယ်။ ဒီအချက်တွေကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီးတော့ ရှေ့မှာ ဆောင်ရွက်သွားဖို့ လုပ်ငန်းလမ်းညွှန်ချက်အဖြစ်နဲ့ ခံယူထားပါတယ်ဆိုတဲ့အကြောင်း လွှတ်တော်မှာ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီဟာ နိုင်ငံတော်ရဲ့ ပညာရေးစီမံကိန်းနဲ့ ပတ်သက်ပြီးတော့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ အင်မတန် အထောက်အကူဖြစ်နိုင်မယ့်ကိစ္စရပ်တွေ ပြောဆိုဆွေးနွေးခဲ့ကြပါတယ်။ သို့သော် ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်တဲ့ အနေအထားတွေမှာ များစွာ လိုအပ်ချက်တွေရှိပါတယ်။ ဒါတွေကိုလည်းပဲ ကျွန်တော်တို့က ဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ အကြံပြုဆွေးနွေးသွားပါမယ်။ လုပ်ဆောင်စရာ ရှိတာတွေကိုလည်းပဲ ကျွန်တော်တို့ ဆက်လက်ပြီးတော့ လုပ်ဆောင်သွားပါမယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ဒါကြောင့်မို့ ဒီနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ ပဥ္စမပုံမှန်အစည်းအဝေး ကာလအတွင်းမှာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူလက်ခံ အတည်ပြုပေးနိုင်ပါရန် ကော်မတီအဖွဲ့ဝင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်သောင်း က လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပ မည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၂း၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]